မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၈ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် UNDP ပုံမှန်အစီအစဉ်များ ပြန်လည်စတင်ဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ ပါဝင်သော စီမံချက်တစ်ရပ်ရေးဆွဲအကောင်အထည်ဖော်ရေး၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာ စွမ်းရည်တိုးမြှင့်ရေးအတွက် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ အကူအညီပေးရေး၊ ၂၀၁၃ ခုနှစ်မှစ၍ (၃)နှစ်စီမံချက်ဖြင့် အမေရိကန်ဒေါ်လာ ၁၄၄ သန်းတန်ဖိုးရှိ လုပ်ငန်းများဖြင့် ကူညီထောက်ပံ့ရေး၊ မြန်မာနိုင်ငံတွင် UNDP ရုံးခွဲ ဖွင့်လှစ်ဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အာရှနှင့်ပစိဖိတ်ဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အာရှနှင့် ပစိဖိတ်ဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Nafis Sadik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

ထိုသို့တွေ့ဆုံရာ၌ ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတကာအကူအညီများ ပိုမိုရရှိရေးနှင့် အသိပညာဖြန့်ဝေမှု လုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေး၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာရောဂါနှင့် ပတ်သက်၍ သတင်းအချက်အလက်များ အပြန်အလှန် မျှဝေရေးနှင့် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ ရရှိရေး၊ ကျန်းမာရေးကဏ္ဍတွင် လိုအပ်သည့် ဥပဒေရေးရာဆိုင်ရာ ပြင်ဆင်ဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အတူ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

18-5 (01).pmd 1 5/18/2012, 12:57 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၁၈ ရက်)

အနာဂတ် မီဒီယာလောက

မြန်မာနိုင်ငံတွင် စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်ထွန်းလာစေရေးအတွက် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေရှိစေမည့် **Print Media Law** ကို ကျွမ်းကျင်ပညာရှင်များက ရေးဆွဲလျက်ရှိပေသည်။ နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုး၊ မီဒီယာလောကသားများအကျိုးတို့ကို ညီညွတ်မျှတစွာ ဖွံ့ဖြိုးလာစေရေးအတွက် မီဒီယာဥပဒေသစ်ကို ရေးဆွဲနေခြင်းပင်ဖြစ်၏။

အဆိုပါဥပဒေတွင် စာနယ်ဇင်းကောင်စီ **(Press Council)** ဖွဲ့စည်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်လည်း ပါရှိလာမည်ဖြစ်သည်။ ဥပဒေအတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် စာနယ်ဇင်းကောင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ကာ ထုတ်ဝေမှုအားလုံးကို ထုတ်/တင်စနစ် ခွင့်ပြုပေးမည်ဖြစ်ပြီး ၎င်းလုပ်ငန်းစဉ်များကို တာဝန်ယူထိန်းကျောင်းစေမည် ဖြစ်ပေသည်။

ယခုအခါ စာနယ်ဇင်းကောင်စီကို မဖွဲ့စည်းမီ အဓိကအဖွဲ့အစည်းများဖြစ်သည့် စာပေစာနယ်ဇင်းနှင့် သက်ဆိုင်သော အဖွဲ့အစည်းအသီးသီး ပေါ်ထွန်းလာရေး စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ယင်းအဖွဲ့အစည်းများမှာ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၊ မြန်မာနိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများအသင်း၊ မြန်မာစာနယ်ဇင်းသမဂ္ဂနှင့် မြန်မာစာနယ်ဇင်းကွန်ရက်တို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီအနေဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းကို မြန်မာနိုင်ငံ စာရေးဆရာများအသင်းဟူ၍ အသစ်ပြန်လည်ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။ မေ ၁၅ ရက်အထိ မြို့နယ် စာရေးဆရာအဖွဲ့ပေါင်း ၁၉၂ ဖွဲ့ ဖွဲ့စည်းပြီးသွားပြီဖြစ်သည်။ လာမည့် ဇွန် ၁၆ ရက်တွင် ညီလာခံကျင်းပလျက် မြန်မာနိုင်ငံ စာရေးဆရာများအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို တိုက်ရိုက်မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း ကြားသိရသည်။

ထို့အပြင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဖြစ်မြောက်ရေးကော်မတီကလည်း မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံမှ ဆုံးဖြတ်ချက်များနှင့်အညီ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိပေသည်။ ယခုအခါ ဖြစ်မြောက်ရေးကော်မတီဝင်များက ပုံမှန်အစည်းအဝေးများ ကျင်းပနေပြီဖြစ်သည်။ ယင်းဖြစ်မြောက်ရေးကော်မတီက သတင်းစာဆရာအားလုံး ပါဝင်ရေးဆွဲသည့် **Constitution** အဖြစ် မူကြမ်းရေးဆွဲလျက်ရှိသည်။

မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသည် ဖွဲ့စည်းတည်ရှိပြီးသားအသင်းဖြစ်သည်။ အသင်းကို ၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အသင်းဝင်ပေါင်း ၄၄၅၀ ကျော် ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းသည် နှစ်စဉ် စာအုပ်ကောင်းများ ပုံနှိပ်ထုတ်ဝေနေကြသူများဖြစ်သဖြင့် စာပေလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ မြန်မာနိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများအသင်း ဖြစ်မြောက်ရေးကိုလည်း စတင်ဆောင်ရွက်လျက်ရှိသည်။

တစ်ဖန် မြန်မာစာနယ်ဇင်းသမဂ္ဂကိုလည်း ဖွဲ့စည်းထူထောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ယင်းအဖွဲ့အစည်းသည် သတင်းသမားများ၏ လွတ်လပ်စွာ ရေးသားဖော်ပြခွင့်ကို ထိန်းသိမ်းရန်နှင့် စာနယ်ဇင်းသမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ကြောင်း သိရသည်။ ယင်းအဖွဲ့အစည်းအနေဖြင့် တာဝန်သိသတင်းသမားများ ပေါ်ထွန်းလာရေးအတွက်လည်း သင်တန်းများပို့ချကာ လေ့ကျင့်ပျိုးထောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ မြန်မာစာနယ်ဇင်းကွန်ရက်သည် လူငယ်အများစုပါဝင်သည့် အဖွဲ့အစည်းဖြစ်သည်။ သတင်းအတတ်ပညာပိုင်း၊ အသိပညာပိုင်းဆိုင်ရာ အားနည်းချက်များအပေါ် ထိန်းကျောင်းပြုပြင်ပေးမည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။

သို့ပါ၍ အဆိုပါ စာပေစာနယ်ဇင်းဆိုင်ရာအဖွဲ့အစည်းအားလုံးတို့သည် အနာဂတ်တွင် လွတ်လပ်မှုနှင့် တာဝန်ယူမှုရှိသော၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားရှိသော စစ်မှန်သည့် စတုတ္ထမဏ္ဍိုင် ဖြစ်ထွန်းလာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

မီးစက်နှင့်စာကြည့်တိုက်အဆောက်အအုံသစ် လယ်ဝေးမြို့နယ်၌ဖွင့်ပွဲကျင်းပ

လယ်ဝေး မေ ၁၇

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် မင်းပြင်အုပ်စု အောင်မြေယာ ကျေးရွာတွင် ကျိုင်းတုံမြို့နေ ဦးကြည်သိန်း၏ မတည်လှူဒါန်းငွေ၊ ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေများ စုပေါင်းကာ အင်ဂျင်မီးစက်ဖြင့် လျှပ်စစ်မီးထွန်းညှိခြင်းနှင့် သုတစံအိမ်ကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၁၁ နာရီက အဆိုပါကျေးရွာမျက်နှာစာရှိ မင်္ဂလာမဏ္ဍပ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ အင်ဂျင်မီးစက်ရုံကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ မင်းပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်သူနှင့် ရပ်မိရပ်ဖဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အောင်မြေယာကျေးရွာ သုတစံအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ကို နေပြည်တော်ကောင်စီဝင်ဦးမြင့်ဆွေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးကိုကိုကြီးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နိုင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးစစ်ဆေး

နေပြည်တော် မေ ၁၇

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် မေ ၁၄ ရက် ညနေပိုင်းတွင် ကျိုက်ထိုမြို့နယ် စစ်တောင်းတံတား(မုပ္ပလင်) အနီးပြတိုက်နှင့် View Point တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံ President Thaimery Co., Ltd. မှ MR. JITTIPONG KHEMARANGSAN ဦးဆောင်သည့်အဖွဲ့သည် မေ ၁၅ ရက် နံနက်ပိုင်းတွင် သထုံမြို့ သုဝဏ္ဏရိပ်သာ၌ လာရောက်တွေ့ဆုံပြီး ထိုင်း၊ ဘုရားသုံးဆူ၊ သံဖြူဇရပ်လမ်းဖောက်လုပ်နိုင်ရေးကိစ္စများကို ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သထုံမြို့ နန်းခဲရပ်ကွက်ရှိ မြကျွန်းသာနှင့် ဝါးပါးရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စူပါမားကတ်များတွင်အော်ဂဲနစ်စိုက်ပျိုးရေးထွက်ကုန်များ သီးသန့်ကောင်တာများဖြင့် ရောင်းချမည်

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့အတွင်းရှိ စူပါမားကတ်အချို့၌ ပြည်တွင်းအော်ဂဲနစ် စိုက်ပျိုးရေးစနစ်မှ ထွက်ကုန်သီးနှံများအား သီးသန့်ကောင်တာများဖွင့်လှစ်ကာ ရောင်းချပေးသွားရန် စီစဉ်လျက်ရှိကြောင်း မြန်မာအော်ဂဲနစ် စိုက်ပျိုးရေးအဖွဲ့ တာဝန်ရှိသူများထံမှ သိရှိရသည်။

အော်ဂဲနစ်စိုက်ပျိုးရေးစနစ်ဖြင့် ထုတ်လုပ်ရောင်းချသည့် သီးနှံများကို အများပြည်သူများ ယုံကြည်စွာသုံးစွဲနိုင်စေရန် ရည်ရွယ်ကာ ယခုကဲ့သို့ပြည်တွင်းစူပါမားကတ်များနှင့် ပူးပေါင်း၍ ရောင်းချမည်ဖြစ်ကြောင်း အော်ဂဲနစ်ထောက်ခံချက် လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားတစ်ခု၌ မြန်မာအော်ဂဲနစ်စိုက်ပျိုးရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးနှင်းဦးက ပြောကြားခဲ့သည်။

ကမ္ဘာအရပ်ရပ်၌ နည်းပညာသစ်များဖြင့် ပြုပြင်ဖန်တီးထားသည့် သီးနှံများထက် သဘာဝအော်ဂဲနစ် စားသောက်ကုန်များကိုသာ စျေးကြီးပေးကာ သီးသန့်မှာယူစားသုံးခြင်းများ ပြန်လည်ခေတ်စားလာခဲ့သည့်နောက်ပိုင်း ပြည်တွင်းရှိ ကျန်းမာရေးလိုက်စားသူများနှင့်ဝေဒနာရှင်များ၊ ကိုယ်ဝန်သည်များအနေဖြင့် ယခုကဲ့သို့ သဘာဝအစားအစာများကို သီးသန့်ပြန်လည်ဝယ်ယူလိုလာကြကြောင်း အဆိုပါ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

"အခုလောလောဆယ်တော့ စီးတီးမတ်စူပါမားကတ်တွေမှာ အရင်ဆုံးတင်နိုင်ဖို့ကြိုးပမ်းနေတယ်။ ကျန်တဲ့စူပါမားကတ်တွေနဲ့ စားသောက်ကုန်အရောင်းစင်တာတွေအားလုံးမှာတင်နိုင်ဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ အဓိကကတော့ ရိုးစင်းလှတဲ့ သဘာဝတရားတွေကနေရရှိထားတဲ့ အသီးအနှံတွေကို ပြည်သူတွေအန္တရာယ်ကင်းကင်းနဲ့ စားသုံးနိုင်ဖို့အတွက် အခုလိုစီစဉ်ရခြင်းဖြစ်တယ်"ဟုဦးနှင်းဦးက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ဟင်းသီးဟင်းရွက်နှင့်သီးနှံများမှာ ရောင်းပန်းလှစေရန်အတွက် ဆိုးဆေးများနှင့် ဓာတုဗေဒဆေးဝါးများအားအသုံးပြုကာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ထားကြခြင်း၊ အပင်ကြီးထွားစေရန်နှင့် အသီးတင်စေရန် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများကို လွန်ကဲစွာသုံးစွဲခြင်း၊ သဘာဝမကျသည့်အသီးသီးစေခြင်း၊ အပွင့်ပွင့်စေခြင်း၊ အစေ့ဖျောက်ခြင်း၊ အချိန်မကျမီရင့်မှည့်သည့်ပုံသဏ္ဌာန် ဖြစ်စေရန် ဆေးသွင်း၊ ဆေးအုပ်ခြင်းများပြုလုပ်ကြခြင်းကြောင့် အများပြည်သူများ ရေရှည်တွင် စားသုံးရန်မသင့်ခြင်းတို့ကြောင့် ယခုကဲ့သို့ ပညာပေးအစီအစဉ်များနှင့် စိုက်ပျိုးသူတောင်သူများနှင့် လုပ်ငန်းရှင်များအားလည်းစည်းရုံးကာ ဆောင်ရွက်ပေးခဲ့ကြောင်း အသင်းမှ တာဝန်ရှိသူများက ပြောပြသည်။

ရန်ကုန်မြို့ဝန်းကျင်ဒေသများမှထွက်ရှိသည့် အော်ဂဲနစ်သီးနှံများကို အများပြည်သူများ ဝယ်ယူနိုင်ရန်နှင့် တောင်သူများ အချိန်မရွေးလာရောက်တင်ပို့နိုင်ရန်အတွက် သီရိမင်္ဂလာစျေးသစ်အတွင်းတွင် ဆိုင်တန်းတစ်ခုဖွင့်လှစ်ထားနိုင်ရန်အတွက် စီစဉ်နေကြောင်း အသင်းမှ သိရှိရသည်။

အဆိုပါ မြန်မာအော်ဂဲနစ်စိုက်ပျိုးရေးအဖွဲ့အနေနှင့် လက်ရှိတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တောင်သူများအား အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းများပိုမိုဆောင်ရွက်လာကြစေရန် ပညာပေးခြင်း၊ အော်ဂဲနစ်စနစ်ဖြင့် ဟင်းသီးဟင်းရွက်နှင့်သီးနှံစိုက်ပျိုးသူများနှင့် လုပ်ငန်းရှင်များအား အသိအမှတ်ပြုလက်မှတ်များ၊ ထောက်ခံချက်များ ပြုလုပ်ပေးခြင်းဖြင့် ယခုကဲ့သို့အများပြည်သူများ ယုံကြည်စိတ်ချစွာစားသုံးနိုင်ရန်အတွက် အာမခံပေးကာ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ **(ခင်လေးမြင့်အောင်)**

ရေစကြိုမြို့နယ်တွင် မြန်မာ့ရိုးရာလွန်ဆွဲပွဲကျင်းပ

ရေစကြို မေ ၁၇

ပခုက္ကူခရိုင် ရေစကြိုမြို့ အမှတ်(၁) ရပ်ကွက် ထင်းတန်းရပ်တွင် မြန်မာ့ဓလေ့ရိုးရာအစဉ်အလာ လွန်ဆွဲပွဲကို မေ ၁၅ ရက် ညနေ ၆ နာရီက ကျင်းပသည်။

အဆိုပါလွန်ဆွဲပွဲကို အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် လူငယ်များအဖွဲ့ကဦးဆောင်၍ အမျိုးသားအဖွဲ့ ရှစ်သင်း၊ အမျိုးသမီးအဖွဲ့ နှစ်သင်း၊ ကလေးအဖွဲ့ လေးသင်းတို့ယှဉ်ပြိုင်လွန်ဆွဲခဲ့ကြပြီး အနိုင်ရရှိကြသော အသင်းများကို ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အိမွန်ဆွေ)**

ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုဆိုင်ရာ သင်တန်းဖွင့်

ရမည်းသင်း မေ ၁၇

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အနော်ရထာခန်းမ၌ အခြေခံပညာဦးစီးဌာနမှ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုဆိုင်ရာ မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို မေ ၁၂ ရက် နံနက် ၈ နာရီကကျင်းပရာ အဆိုပါသင်တန်းတွင် မန္တလေးတိုင်းဒေသကြီး လက်ထောက်တိုင်းပညာရေးမှူး(စစ်ဆေး) ဆရာမကြီး ဒေါ်ဌေးဌေးရင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတင်ကိုကိုက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းသို့ရမည်းသင်းမြို့နယ်အတွင်း မူလတန်းအဆင့်သင်ကြားသော ဆရာ ဆရာမ ၈၉၆ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(၄၁၆)**

စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ကသာ မေ ၁၇

ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကသာမြို့နယ် စာနယ်ဇင်းအဖွဲ့တို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဧပြီ ၂၈ ရက် နံနက် ၁၁ နာရီက လမ်းခွကျေးရွာအုပ်စု ပင်းမလွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးချိုမောင် **(ဝဲပုံ)**၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစမ်းဦး (ကမ်းနဖူး-စမ်းဦး) တို့က ဟောပြောကြသည်။ ထို့နောက် ပင်းမလွတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ဦးစီးအရာရှိ ဦးချိုမောင်၊ မြို့နယ်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစမ်းဦး၊ ကော်မတီဝင်များနှင့် ဆုထူးပန်လမ်း တည်ဆောက်ရေးအဖွဲ့တို့က စာအုပ်၊ စာစောင်၊ ဂျာနယ်များ လှူဒါန်းရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးနီတာနှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးသန်းမြင့်တို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်ပြီး ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့်

တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲအောင် မြှင့်တင်နိုင်မည်

နေပြည်တော် မေ ၁၇

တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် ပြည်နယ်အလိုက် ပြိုင်ပွဲများကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၆ ရက် နံနက် ၉နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင်၊ ပြည်နယ်များမှ ယဉ်ကျေးမှုဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်ဆိုင်ရာ ပညာရှင်များ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီး ဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အမွေအနှစ် များအား ထိန်းသိမ်း မြှင့်တင်နိုင်ရေး အတွက် ပြည်နယ် အလိုက် ပြိုင်ပွဲများ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်ရေးအတွက် ပြည်နယ်များအလိုက် ယဉ်ကျေးမှုသုခမ ပြိုင်ပွဲများပြုလုပ်ကြရာတွင် ပြိုင်ပွဲအမျိုးအစား၊ အမှတ်ပေးစနစ်များကို စနစ်တကျ ညှိနှိုင်းတိုင်ပင်ရွေးချယ် သတ်မှတ်ဆောင်ရွက်နိုင်ရေး၊ ထိုမှတစ်ဆင့် ဗဟိုမှ ကြီးကြပ်ကျင်းပဆောင်ရွက်သည့် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု သုခမ ဘာသာရပ်များ ပေါင်းစပ်ပါဝင်ရေးတို့အတွက် အခြေခံစဉ်းစားဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ချပြဆွေးနွေးသည်။ ယင်းနောက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်ပြီး ဗဟိုက ကြီးကြပ်ဆောင်ရွက်သည့် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲအောင် မြှင့်တင်နိုင်မည်ဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးတွင် ဆွေးနွေးချပြခဲ့သည့် အခြေခံစဉ်းစားဆောင်ရွက်ရမည့် အချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးပြီး ဆောင်ရွက်မည့်အခြေအနေများကိုလည်း မေလကုန် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ပါရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်အသီးသီးမှ ယဉ်ကျေးမှုဆိုင်ရာ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များက ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အနုသုခမပြိုင်ပွဲများ ကျင်းပရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးမှုအပေါ် ပြန်လည်ဆွေးနွေးတင်ပြချက်များ၊ ဗဟိုပြိုင်ပွဲနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းများအား ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ပညာရှင်များကလည်း လိုအပ်ချက်များအပေါ် ပါဝင်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပြည်နယ်အသီးသီး၏ လိုအပ်ချက်များကိုကူညီဖြေရှင်းပေးနိုင်ရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများအဆင်ပြေအောင်မြင်စေရေးအတွက် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၇

ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အာရှနှင့်ပစိဖိတ်ဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Nafis Sadik ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် HIV/AIDS ရောဂါ ကမ္ဘာတစ်ဝန်း လျော့နည်းကျဆင်းလာသည့် ကိစ္စများ၊ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ ပူးပေါင်း၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ကုသပေးမှုတို့ကြောင့် HIV/AIDS ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းလျက်ရှိသည့် ကိစ္စရပ်များ၊ ကျန်းမာရေးကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြပြီး တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကျန်းမာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီအတွင်းရေးမှူး ဒေါက်တာနေလင်းနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်း ယာဉ်တိုက်မှုလျော့နည်း ကျဆင်းရေးအတွက် ဆောင်ရွက်လျက်ရှိရာ ကျောက်တံခါးမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ မေ ၁၄ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြစဉ်။ (မြို့နယ်ရဲတပ်ဖွဲ့)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား မလေးရှားနိုင်ငံအခြေစိုက်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်အား မလေးရှားနိုင်ငံအခြေစိုက် LION Group မှ Chief Operation Officer Mr. Tony Lim Kok Vui ဦးဆောင်သောအဖွဲ့သည် မေ ၁၆ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၉) အမှတ် (၁၀) ထွက်ရှိ

နေပြည်တော် မေ ၁၇

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးမျိုးကောင်းမျိုးသန့်ကိုသာ ရွေးချယ်စိုက်ပျိုးပါ၊ စပ်မျိုးစပါးဆိုသည်မှာ၊ တိတ်တဆိတ်လူသတ်သမား (သို့မဟုတ်) သွေးတိုးရောဂါ၊ အိန္ဒိယတွင် နေရောင်ခြည်စွမ်းအင် အသုံးပြုသည့်ကျေးရွာ ၁၀၀ ပြည့်တော့မည်၊ စင်ကာပူဖိတ်ခေါ်ဖလားယှဉ်ပြိုင်ရန် ကမ္ဘာ့ဇအသင်းဖိတ်ခေါ်ခံရ၊ ယဉ်ကျေးမှုခံတပ် မကျိုးပေါက်ရလေအောင်၊ မြန်မာ့ရွှေသမင်ပြခန်းစသည်တို့ ပါရှိသည်။

စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။
(သတင်းစဉ်)

ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် Action Aid Myanmar တို့ပူးပေါင်း၍ Understanding the Growth Paradigm-Care For Ecology & Future in Myanmar ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို မေ ၁၉ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ကွန်ဖရင့်ဟော၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲတွင် နယူးဇီလန်နိုင်ငံ Auckland ရှိ AUT University မှ Professor of Policy ဖြစ်သူ ဒေါက်တာ Marilyn Waring က ဟောပြောဆွေးနွေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် UMFCCI ရှိ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးဌာန ဖုန်း-၂၁၄၃၄၄၊ လိုင်းခွဲ-၁၀၇၊ ၁၂၂တို့သို့ ကြိုတင်စာရင်းပေးပို့နိုင်ကြောင်း သိရှိရသည်။ **(၁၆၈)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

အင်ဒိုနီးရှားမီးတောင်အနီးမှ လက်ဝတ်ရတနာများ ရှေးဟောင်းသုတေသနပညာရှင်များတူးဖော်တွေ့ရှိ

ဂျကာတာ မေ ၁၇

အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်ချော်ရည်များအောက်မြုပ်နေသည့်ရပ်ကွက်မှ ရှေးဟောင်းလူနေအိမ်များနှင့် အဖိုးတန်လက်ဝတ်လက်စားကျောက်မျက်ရတနာများကို ရှေးဟောင်းသုတေသနပညာရှင်များက တူးဖော်တွေ့ရှိသည်။

တူးဖော်တွေ့ရှိ

အင်ဒိုနီးရှားနိုင်ငံ ဆမ်ဘာဝါကျွန်းရှိ နိုင်ငံသမိုင်းတွင် အကြီးဆုံးပေါက်ကွဲခဲ့သည့် တမ်ဘိုရာမီးတောင် **(ဝဲပုံ)**ခြေရင်းအနီး၌ အဆိုပါရှေးဟောင်းပစ္စည်းများကို တူးဖော်တွေ့ရှိခြင်းဖြစ်သည်။

တူးဖော်တွေ့ရှိသည့်ရှေးဟောင်းပစ္စည်းများကို ထောက်ရှုခြင်းအားဖြင့် ထိုနေရာတွင် တစ်ချိန်က ကုန်သွယ်ရေးလုပ်ငန်းဖြင့် ချမ်းသာကြွယ်ဝလာသူအချို့ နေထိုင်ခဲ့ရာနေရာဖြစ်ကြောင်း ပြသလျက်ရှိသည်။ **(အင်တာနက်)**

အီရန်နျူကလီးယားကိစ္စ ဖြေရှင်းရေး ယုံကြည်မှုတည်ဆောက်ရန် အရေးကြီးဟုဆို

ဗီယင်နာ မေ ၁၇

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)နှင့် အီရန်နိုင်ငံတို့အကြား နှစ်ရက်ကြာ နျူကလီးယားကိစ္စဆွေးနွေးပွဲမှာ တိုးတက်မှုမရှိသလောက်ဖြစ်သည်ဆိုသော်လည်း စေ့စပ်ဆွေးနွေးပွဲများ ဆက်လုပ်ရန် နှစ်ဖက်သဘောတူညီမှုမှာ ကောင်းမွန်သည့်လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အနောက်အုပ်စုရော အီရန်နိုင်ငံပါ စေ့စပ်ဆွေးနွေးမှု ရှေ့မတိုးသာနောက်မဆုတ်သာအခြေအနေမှ လွတ်မြောက်ရန် ယခုအခါ မက်လုံးများရှိနေကြပြီဟု ဆန်းစစ်ဝေဖန်သူများက ယုံကြည်သည်။ အီရန်၏ နျူကလီးယားအစီအစဉ်ကိစ္စကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အရေးအကြီးဆုံးအချက်မှာ အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန်ပင်ဖြစ်သည်ဟုလည်း ၎င်းတို့က ရှုမြင်ကြသည်။ ဤကိစ္စမှာ ယခုအခါ ၁၀ နှစ် နီးပါးကြာခဲ့ပြီး ရှေ့မတိုး နောက်မဆုတ်ဖြစ်နေရာမှ တိုးတက်မှုအရိပ်အယောင်ကို တွေ့မြင်ရခြင်းဖြစ်သည်ဟု ၎င်းတို့က သုံးသပ်ခဲ့ကြသည်။ **(အင်တာနက်)**

ယန်စီမြစ်တွင် နှင်းထူထပ်မှုကြောင့် သင်္ဘော ၅၇၀ ကျော် သောင်တင်



ယိချန် မေ ၁၇

တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေပြည်နယ် ယိချန်မြို့ ကိကျူးဘာရေကာတာနှင့် မြစ်ကျဉ်းသုံးသွယ်ရေကာတာအနီး ယန်စီမြစ်တွင် အချိန်အတန်ကြာ နှင်းထူထပ်စွာ ကျမှုကြောင့် သင်္ဘော ၅၇၀ ကျော် သောင်တင်နေကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

ကြေညာ

မေလဆန်းမှစ၍ နှင်းများထူထပ်စွာ (၁၁) ကြိမ်ကျခဲ့ကြောင်း၊ မြစ်ကျဉ်းသုံးသွယ် ရေကာတာတွင် ၁၂၇ နာရီ၊ ကိကျူးဘာရေကာတာတွင် ၉၅ နာရီကြာ နှင်းကျခဲ့ကြောင်း ယိချန်ရေကြောင်းသွားလာရေးဌာနက ကြေညာသည်။

အကြီးဆုံး

ယင်းသို့ နှင်းများထူထပ်စွာ အချိန်ကြာကြာကျရောက်မှုကြောင့် သင်္ဘောများ သောင်တင်နေရခြင်းဖြစ်သည်။ ကမ္ဘာ့ရေအားလျှပ်စစ်ထုတ်လုပ်မှုတွင် အကြီးဆုံးရေကာတာဖြစ်သည့် မြစ်ကျဉ်းသုံးသွယ်ရေကာတာမှာ ကိကျူးဘာရေကာတာ အထက်ပိုင်း ၃၈ ကီလိုမီတာတွင် တည်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၇-၅-၂၀၁၂

တင်မောင်လွှင် - စုစည်းသည်

ဂျပန်နိုင်ငံက ယခုသီတင်းပတ်အတွင်း ဂြိုဟ်တုလေးလုံးလွှတ်တင်မည်



ဂျပန်နိုင်ငံက ယခုသီတင်းပတ်အတွင်း၌ အာကာသအတွင်းသို့ ဂြိုဟ်တုလေးလုံးလွှတ်တင်ရန် စီစဉ်ထားကြောင်း၊ တစ်လုံးမှာ တောင်ကိုရီးယားနိုင်ငံအတွက်ဖြစ်ကြောင်း မေ ၁၆ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါဂြိုဟ်တုလေးလုံးကို HII-A အမည်ရှိ အာကာသဒုံးပျံယာဉ်ဖြင့် သယ်ဆောင်သွားမည်ဖြစ်ပြီး ***(ယာပုံ)****ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ အာကာသဒုံးပစ်စင်မှ လာမည့် မေ ၁၈ ရက်တွင် လွှတ်တင်မည်ဖြစ်ကြောင်း ဂျပန်အာကာသလွှတ်တင်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရီအီချီတန်နာကာက မေ ၁၆ ရက်တွင် ပြောကြားသည်။*

Shizuku အမည်ရှိ ဂြိုဟ်တုတစ်လုံးမှာ ကမ္ဘာတစ်ဝန်းရှိ ရေများစီးဆင်းမှုနှင့် ရာသီဥတုပြောင်းလဲမှုများကို ထောက်လှမ်းရန်အတွက်ဖြစ်ပြီး အခြားဂြိုဟ်တုနှစ်လုံးမှာ ဂျပန်နိုင်ငံ၏ တိုးတက်ပြောင်းလဲလာမှုများကို ဓာတ်ပုံရိုက်ကူးပေးရန်အတွက် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တရုတ်အရှေ့ပိုင်း ကျီကျန်းပြည်နယ်၌ ဓာတုပစ္စည်းများတင်ဆောင်လာသည့် ယာဉ်နှစ်စီးတိုက်မှုဖြစ်

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျန်းပြည်နယ်တွင် မေ ၁၅ ရက်နှောင်းပိုင်းက အန္တရာယ်ရှိသောဓာတုဗေဒပစ္စည်းများသယ်ဆောင်လာသည့်ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားပြီးနောက် မေ ၁၆ ရက်တွင် ဒေသခံပြည်သူ ၁၀၀၀၀ ကျော်အား ကယ်ဆယ်ရေးများ ဆောင်ရွက်ပေးခဲ့ရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ကျီကျန်းပြည်နယ် ဟန်ကျိုမြို့တွင် အဆိုပါယာဉ်နှစ်စီး တိုက်မှုဖြစ်ပွားရာနေရာမှအချင်းဝက် ၁ ကီလိုမီတာပတ်လည်အတွင်းရှိလူများကို ယာဉ်များစတင်ဖယ်ရှားရှင်းလင်းမှုမပြုမီ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်သမားများ စီးနင်းလာသည့်ယာဉ်က ကယ်ဆယ်ရေးများ ပြုလုပ်ခဲ့သည်ဟုဆိုသည်။ ယာဉ်တစ်စီးမှာ ကလိုရိုဒ်ပလတ်စတစ်အပျော့ ၂၇ တန်နှင့် အခြားတစ်စီးမှာကော်စေးတန် ၂၀ ကို တင်ဆောင်မောင်းနှင်လာခြင်းဖြစ်ကြောင်း ယူဟန်ခရိုင်အရာရှိများက ပြောကြားသည်။ ယင်းဒေသရှိ ဝူချန်ကျောင်ဇီမူလတန်းကျောင်းနှင့် စက်ရုံအချို့တို့ကိုလည်း ပိတ်ထားခဲ့ရကြောင်း ၎င်းတို့က ထပ်မံပြောကြားသည်။ *(အင်တာနက်)*

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

ဘရာဇီး၌မြေအောက်ရထားနှစ်စင်းတိုက်မိ ခရီးသည် ၄၀ ခန့် ဒဏ်ရာရရှိ

ဆော်ပေါလို မေ ၁၇

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့ရှိ မြေအောက်ရထားလမ်းတွင်း ရထားနှစ်စင်း မေ ၁၇ ရက် နံနက်က တိုက်မှုဖြစ်ပွားခဲ့ရာ **(အပေါ်ပုံ)** ခရီးသည် ၄၀ ခန့်ဒဏ်ရာရရှိခဲ့ကြောင်း မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖြစ်ပွားမှုမှာ ယင်းနေ့နံနက် ၁၀ နာရီခန့်က ဆော်ပေါလိုမြို့ မြေအောက်ဘူတာရုံ ဗီလာကာရိုးနှင့် ပန်ဟာဘူတာရုံနှစ်ရုံအကြား ရထားလမ်းအမှတ် (၃)တွင် ရထားနှစ်စင်း မတော်တဆတိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပို့ဆောင်ပေးနေ

အဆိုပါရထားလမ်းသည် ဘရာဇီးနိုင်ငံ အရှေ့နှင့်အနောက်ပိုင်းကို ဆက်သွယ်ထားခြင်းဖြစ်ပြီး ခရီးသည်အစီးများသည့် ရထားလမ်းလည်းဖြစ်သည်။ နေ့စဉ်ခရီးသည်တစ်သန်းကျော်ကို ပို့ဆောင်ပေးနေရသော ရထားလမ်းပိုင်းလည်းဖြစ်သည်။

တိုက်မိသည့်ရထားနှစ်စင်းမှာ ခရီးသည်တင်ရထားနှင့် ကုန်တင်ရထားတစ်စင်းတို့ဖြစ်ပြီး ရထားနှစ်စင်းစလုံးမှ ရထားတွဲအချို့ ပျက်စီးခဲ့သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ပေးပြီး ရထားနှစ်စင်းတိုက်မှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

ဗာဂျင်းလေကြောင်းလိုင်း လေယာဉ်စီးခရီးသည်များ ဝေဟင်၌လေယာဉ်စီးရင်းလက်ကိုင်ဖုန်းပြောနိုင်ပြီ

လန်ဒန် မေ ၁၇

ဗြိတိန်နိုင်ငံ လန်ဒန်မြို့နှင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့အကြား ပျံသန်းပြေးဆွဲနေသော ဗာဂျင်းအတ္တလန္တိတ်လေကြောင်းလိုင်းမှ လေယာဉ်များပေါ်တွင် လက်ကိုင်ဖုန်းများအသုံးပြု၍ ရရှိပြီဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းက မေ ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ဝေဟင်အမြင့်ပေ ၃၅၀၀၀ ခန့်တွင် ပျံသန်းနေသောလေယာဉ်ပေါ်မှနေ၍ လိုက်ပါစီးနင်းလာသောခရီးသည်များသည် ၎င်းတို့နေအိမ်ရှိ မိသားစုများ၊ မိတ်ဆွေများ၊ စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ပြောဆိုနိုင်ကြပြီဖြစ်သည်။

အဆိုပါအဲလိုင်းမှ အဲဘတ်စ်အေ ၃၃၀-၃၀၀လေယာဉ်သစ်ကြီးပေါ်တွင် အင်တာနက်၊ အီးမေးလ်၊ ဆဲလ်ဖုန်းနှင့်ဖက်စ်များအားလုံး အသုံးပြုနိုင်ပြီဖြစ်သည်။ ထိုသို့ဝန်ဆောင်မှုပေးခြင်းမှာ လေယာဉ်စီး ခရီးသွားများအနေဖြင့် မြေပြင်ရှိ စီးပွားရေး၊ လူမှုရေးစသည့် လုပ်ငန်းများကို နှောင့်နှေးခြင်းမရှိ ဆောင်ရွက်နိုင်စေရေးအတွက် ဝန်ဆောင်မှုပေးခြင်းပင်ဖြစ်သည်။

ယခုနှစ်ကုန်တွင် ဗာဂျင်းအတ္တလန္တိတ်လေကြောင်းလိုင်းမှ ခရီးစဉ် ၂၀ ခန့်တွင် လက်ကိုင်ဖုန်း၊ အင်တာနက်၊ အီးမေးလ် စသည်တို့ပြောဆိုလုပ်ကိုင်နိုင်ရန် တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ **(အင်တာနက်)**

ကယ်လီဖိုးနီးယားကမ်းလွန်တွင် အမေရိကန်စစ်သင်္ဘောနှစ်စင်းတိုက်မိ

လော့စ်အိန်ဂျလိစ် မေ ၁၇

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း ၁၉၃ ကီလိုမီတာအကွာရေပြင်၌ အမေရိကန်ရေတပ်လောင်စာဆီတင်သင်္ဘောတစ်စင်းနှင့် ကုန်း၊ ရေနှစ်မျိုးသွားတိုက်ခိုက်ရေးစစ်သင်္ဘောတစ်စင်းတို့ မေ ၁၇ ရက်နံနက်က တိုက်မိခဲ့ကြောင်း အမေရိကန်ရေတပ်အရာရှိများက ပြောကြားသည်။

တိုက်မိခဲ့

ဖြစ်ပွားမှုမှာ အမေရိကန်တိုက်ခိုက်ရေးစစ်သင်္ဘော ယူအက်စ်အက်စ်အက်စ်ဆက်စ်နှင့် ယူအက်စ်အန်အက်စ်ယူကန်အမည်ရှိ အမေရိကန်စစ်ဘက်လောင်စာဆီတင်ယာဉ် **(ဝဲပုံ)** တို့သည် ယင်းနေ့နံနက် ဒေသစံတော်ချိန် ၉နာရီ မိနစ်၂၀ ၌ တိုက်မိခဲ့ကြခြင်းဖြစ်သည်။

ထိုသို့သင်္ဘောနှစ်စင်းတိုက်မှုကြောင့် သင်္ဘောနှစ်စင်းလုံး ပျက်စီးထိခိုက်မှုများဖြစ်ပေါ်ခဲ့သည်ဟု အမေရိကန်ရေတပ်က သတင်းထုတ်ပြန်ခဲ့သည်။ အမေရိကန်စစ်သင်္ဘော ယူအက်စ်အက်စ်အက်စ်ဆက်စ်သည် ဂျပန်နိုင်ငံ ဆာဆီဘိုမြို့ဆိပ်ကမ်း၌ ၁၂ နှစ်ကြာ တာဝန်ထမ်းဆောင်ပြီးနောက် အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုမြို့သို့ပြန်လည်ခုတ်မောင်းလာစဉ် ယခုကဲ့သို့ သင်္ဘောနှစ်စင်းတိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား လာရောက်တွေ့ဆုံ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ အပူပိုင်းဒေသတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်နှင့်စားနပ်ရိက္ခာဖူလုံမှုအပေါ် ထိခိုက်နိုင်မှုများကို ဖြေရှင်းနိုင်ရေးလုပ်ငန်းစီမံကိန်း၊ အင်းလေးကန်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း စီမံကိန်းများအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်နေမှုများ အောင်မြင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေး ဦးဆောင်သည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၇

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးနှင့် အာရှနှင့်ပစိဖိတ်ဒေသ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ဆိုင်ရာ အထူးကိုယ်စားလှယ် Dr. Nafis Sadik ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး သံတမန်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးဉာဏ်နိုင်ဝင်း၊ ဒေါ်ထူးထူးငွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအစည်းအဝေးခန်းမ၌ ပထမအဆင့်သင်တန်း အမှတ်စဉ် (၂၁၅) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်

နေပြည်တော် မေ ၁၇

ဒေသဆိုင်ရာဖွံ့ဖြိုးရေးစီမံကိန်းနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၁၆ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ပိုမိုထိရောက်စွာ ပြုပြင်ပြောင်းလဲ ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မိန့်ကြားခဲ့သည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြီး သိသာထင်ရှားသည့်ပြောင်းလဲတိုးတက်မှုရရှိရေးအတွက် နိုင်ငံတော်သမ္မတ၏ မှာကြားချက်များကို အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပထမအဆင့်သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၇

ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ပထမအဆင့် သင်တန်းအမှတ်စဉ်(၂၁၅) ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

မှာကြား

သင်တန်းဖွင့်ပွဲတွင် ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်က မိမိဌာနအဖွဲ့အစည်းက အားထားရပြီး ထူးချွန်ထက်မြက်သော ဝန်ထမ်းကောင်းများဖြစ်လာရန်အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းစည်းမျဉ်းစည်းကမ်းများလိုက်နာ၍ သင်ကြားပို့ချသော ဘာသာရပ်များကို စိတ်ပါဝင်စားစွာ ကြိုးစားအားထုတ်ဆည်းပူးလေ့လာသွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများအား တူညီဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲကို မေ ၁၁ ရက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗိုလ်တထောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးသန့်ဇော်ဦးက ဝန်ထမ်းများအား ငွေကျပ် ၄၆၁၀၀၀တန်ဖိုးရှိ ရုံးဝတ်စုံများ ထောက်ပံ့ပေးအပ်စဉ်။ (ထွေ/အုပ်)

အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၁၇

ချင်းပြည်နယ်၏ ဒုတိယအကြိမ် အိမ်ထောင်စုစားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်း(၂၀၀၉-၂၀၁၀) အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးနန်ဇမုန်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံး IHLCA နည်းပညာယူနစ်မှ တာဝန်ရှိသူများက ဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**



ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမူလတန်းကြိုကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကျောင်းဆင်းဂုဏ်ပြုလက်မှတ်နှင့် ကျောင်းသုံးပစ္စည်းများ ချီးမြှင့်ခြင်းအခမ်းအနားကို မေ ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်က မူလတန်းကြိုကျောင်းသား ကျောင်းသူလေးများအား ကျောင်းဆင်းလက်မှတ်နှင့် ကျောင်းသုံးပစ္စည်းများပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကေအိုင်အေလက်နက်ကိုင်အဖွဲ့က ဝိုင်းမော်မြို့နယ်ရှိ နမ္မလိတံတားကို မိုင်းနှစ်ကြိမ်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် မေ ၁၇

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မံဝိန်း-ချီဖွေ-လောခေါင်-ထောင်ဂေါ့-ဖီမော်လမ်း မိုင်တိုင်အမှတ် (၄၁/၄)ရှိ ၂၂၄ ပေအရှည် နမ္မလိတံတားကို ဧပြီ ၂၄ ရက် နံနက် ၁ နာရီခွဲတွင် ကေအိုင်အေလက်နက်ကိုင်အဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့သဖြင့် တံတားအောက်ခံသံပေါင်နှင့်ကြမ်းခင်းများ ပျက်စီးသွားခဲ့ကြောင်း၊ အဆိုပါတံတားအား ဧပြီ ၂၇ ရက်တွင် ထပ်မံ၍မိုင်းခွဲခဲ့သဖြင့် တံတားသံပေါင်များ ပျက်စီးသွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သဘာဝဘေးသတင်း

ကျိုက်လတ်၌ မိုးကြိုးပစ်၍ အမျိုးသမီးတစ်ဦးသေဆုံး

ကျိုက်လတ် မေ ၁၇

မေ ၁၆ ရက် ညနေ ၅ နာရီခွဲက ကျိုက်လတ်မြို့နယ် သာယာဝဲကျေးရွာတွင် ရုတ်တရက် မိုးရွာလေထန်လာသဖြင့် အဆိုပါကျေးရွာနေ မသန်းငွေ (၃၂)နှစ် (ဘ-ဦးတင်မြင့်)သည် နေအိမ်ရှေ့ ၁၀ပေခန့်အကွာရှိ ထင်းပုံကို အမိုးအကာများ ပြုပြင်ပေးစဉ် မိုးကြိုးပစ်ခံရပြီး သေဆုံးသွားကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်အောင်နှင့်ဇလွန်မြို့နယ်တို့၌ လေပြင်းတိုက် စာသင်ကျောင်းနှင့်လူနေအိမ်အချို့ပျက်စီး

မြန်အောင် မေ ၁၇

မေ ၁၆ ရက် ည ၈နာရီ ၁၅ မိနစ်က မြန်အောင်မြို့နယ် ညောင်တုန်းလဲကျေးရွာ၌ ၁၅ မိနစ်ခန့်ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့နှင့် ညောင်တုန်းလဲ အထက(ဇလုပ်မ)ကျောင်းရှိ ပုပ္ပားဆောင်၊ ဧရာဝတီဆောင်၊ မလိခဆောင်၊ ဇွဲကပင်ဆောင်တို့မှ အမိုးအကာနှင့်ဒိုင်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

အလားတူ မေ ၁၆ရက် ည ၆နာရီ ၁၅ မိနစ်မှ ၆ နာရီ မိနစ် ၂၀ အတွင်း ဇလွန်မြို့နယ် အရှုပ်ကွင်းကျေးရွာတွင် ၅ မိနစ်ခန့်လေပြင်းတိုက်ခတ်ခြင်း၊ ဇလွန်မြို့နယ် အုတ်ရှစ်ကွင်းကျေးရွာ၌လည်း တစ်ချိန်တည်း လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် လူနေအိမ်အချို့နှင့် စိုက်ပျိုးခြံတစ်ခြံ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။ (၀၇၇)

ဒေသအလိုက် မျိုးစေ့ထုတ်စိုက်ကွင်းများတည်ထောင် အထူးအထွက်နှုန်းကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုး

နေပြည်တော် မေ ၁၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာအနီးရှိ တစ်ကွင်းတစ်ဆက်တည်း ပုလဲသွယ်စပ်မျိုးစပါး ၂၈၈ ဧက စိုက်ကွင်း၌ ကယားပြည်နယ် ဒီမောဆိုမြို့နယ် Care Myanmar အဖွဲ့မှ စီမံချက်မန်နေဂျာ ဒေါ်တင်မေဦး ဦးဆောင်သော ကယားတိုင်းရင်းသား တောင်သူလယ်သမား ၄၀ အား တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများ ဝင်ငွေမြင့်မားစေရေး၊ စပါးအထွက်နှုန်းကောင်းပြီး ဈေးကောင်းရရေး ဆောင်ရွက်ရမည့် အဓိကအချက်များကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဈေးကွက်ခိုင်မာစေရန် အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း မျိုးများ ပြောင်းလဲစိုက်ပျိုးရမည်ဖြစ်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးများ ပြောင်းလဲစိုက်ပျိုးနိုင်ရန် ကူညီဆောင်ရွက်ပေးနေကြောင်း။

သာမန် စပါးမျိုးကိုပင်လျှင် သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် စိုက်ပျိုးပြီး သွင်းအားစုမြေသြဇာများ ဂရုတစိုက်ထည့်သွင်းခြင်းဖြင့် တစ်ဧက တင်း ၁၀၀ ကျော် ထွက်ရှိနိုင်ပြီး ပုလဲသွယ်စပ်မျိုးစပါးများမှာ တစ်ဧက တင်း ၂၀၀ ကျော်အထက် ထွက်ရှိကြောင်း၊ တိုင်းရင်းသားတောင်သူလယ်သမားများအနေဖြင့် ဒေသနှင့် ကိုက်ညီစွာ၊ ဈေးနှုန်းချိုသာစွာ၊ လွယ်ကူစွာ စိုက်ပျိုးနိုင်ရေးအတွက် ဒေသအလိုက် မျိုးစေ့ထုတ်စိုက်ကွင်းများ တည်ထောင်ကြရန်လိုကြောင်းမှာကြားပြီး ပုလဲသွယ်ဆန်များ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ပျမ်းမျှ ၁၀၀ ရက်သားရှိ အောင်မြင်ဖြစ်ထွန်းနေသော ပုလဲသွယ်စပ်မျိုးစပါးစိုက်ခင်းများကို စိုက်ကွင်းပညာရှင်များက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီးရှိ အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ စိုက်ကွင်း၊ ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာအနီးရှိ အဆင့်မြင့် လယ်ယာမြေဧက ၁၀၀ စိုက်ကွင်း၊ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေးဧက ၅၀၀ စိုက်ကွင်းတို့ကို ကြည့်ရှုလေ့လာကြပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ကယားတိုင်းရင်းသားတောင်သူလယ်သမားများအား စမ်းသပ်စိုက်ပျိုးရန် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ငါးကေစာ ၇ ကီလိုနှင့် ပုလဲသွယ်စပ်မျိုးစပါး (R) ၁၀ ကေစာ ကီလို ၇၀ တို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာအနီးရှိ တစ်ကွင်းတစ်ဆက်တည်း ပုလဲသွယ်စပ်မျိုးစပါး ၂၈၈ ဧက စိုက်ကွင်း၌ ကယားတိုင်းရင်းသား တောင်သူလယ်သမားများအား ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အမေရိကန်အခြေစိုက် FOREIGN AFFAIRS မဂ္ဂဇင်းမှ စီမံကိန်းဒါရိုက်တာ ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား အမေရိကန်အခြေစိုက် FOREIGN AFFAIRS မဂ္ဂဇင်းမှ စီမံကိန်းဒါရိုက်တာ Ms. Alex Mori ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးဌာနဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ၎င်းတို့မဂ္ဂဇင်းမှ မြန်မာနိုင်ငံအကြောင်း အထူးပြုရေးသားသွားမည့် Rethinking Myanmar: A New Strategic Partnership အကြောင်းအရာတွင် ထည့်သွင်းရေးသားနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ချက်များ၌ ပို့ဆောင်ရေးဝန်ကြီးဌာနက ပါဝင်ဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၇

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (Tennis Federation of Myanmar) က ကြီးမှူးကျင်းပသော ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲကို (2012 President Cup Junior tennis Tournament) ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ၁၀ နှစ်နှင့်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ စိုင်းအုပ်လွှမ်းထက်စိုး၊ ၁၂နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ကောင်းထက်စံ၊ ၁၂ နှစ်နှင့်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ဖူးပွင့်သူ၊ ၁၄ နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်း ပြိုင်ပွဲ၌ လွင်မိုး၊ ၁၄ နှစ်နှင့်အောက် အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၌ ခင်နန္ဒာဇော်၊ ၁၆ နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ဇော်ဆန်းဦး၊ ၁၆ နှစ်နှင့်အောက် အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ၌ ခင်နန္ဒာဇော်တို့က ပထမ အသီးသီးရရှိကြပြီး ၁၂ နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်း Consolation ပြိုင်ပွဲတွင် ရဲမျိုးကျော်၊ ၁၄ နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်း Consolation ပြိုင်ပွဲတွင် အောင်သက်ဦးနှင့် ၁၆ နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်း Consolation ပြိုင်ပွဲတွင် သက်ပိုင်ထူးတို့က ပထမရရှိကြကာ တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အသက် ၁၈ နှစ်နှင့်အောက် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ ဇော်ဆန်းဦး၊ ဒုတိယ ဝင်းနိုင်ဦး၊ ပူးတွဲတတိယရရှိကြသော အောင်မျိုးသန့်နှင့် ဟိန်းလှထူးတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည်။ **(ဓါတ်ပုံ)(မြန်မာ့အလင်း)**

စင်ကာပူဖလားပြိုင်ပွဲဝင်ရန် ကမ္ဘောဇအသင်းထွက်ခွာ

ရန်ကုန် မေ ၁၇

စင်ကာပူဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၂ စင်ကာပူဖလား ရှုံး/ထွက် ဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် MNL ကလပ် ကမ္ဘောဇအသင်းသည် ယနေ့ နေ့လယ်ပိုင်းက စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

ကမ္ဘောဇဘောလုံးအသင်းတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဝင်းမြင့်ဦး၊ အတွင်းရေးမှူးအဖြစ် ဦးမောင်မောင်လောက်၊ အုပ်ချုပ်သူအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် မစ္စတာ ဘီမာဂျီ၊ နည်းပြအဖြစ် ဦးသန်းထိုက်၊ မီဒီယာတာဝန်ခံ ဦးချမ်းမြေ့လှိုင်၊ အားကစားသမားများအဖြစ် ဂိုးသမား-ကျော်ဇင်ထက်၊ ရဝေဇင်၊ နောက်တန်း- ဟန်ဝင်းအောင်၊ ဝင်းမင်းထွန်း၊ ဟန်ဆန်၊ ဉာဏလွင်၊ ကျော်ကျော်မျိုး၊ ဇော်မျိုးမင်း၊ အလယ်တန်း- လှအေးထွေး၊ အေးဆန်း၊ နုနက်စ်၊ သိန်းသန်းဝင်း၊ ဇင်မျိုးအောင်၊ မိုင်းအိုက်နိုင်၊ နေဝင်းအောင်၊ ရှေ့တန်း-စိုးမင်းဦး၊ ချာလက်စ်အိုဘီနှင့် ခိုင်ဇော်ထွန်းတို့ လိုက်ပါသွားကြသည်။

ယင်းပြိုင်ပွဲကို အိမ်ရှင်စင်ကာပူကလပ်အသင်း (၁၁)သင်း၊ မလေးရှား၊ လာအို၊ ကမ္ဘောဇ၊ ဖိလစ်ပိုင်နှင့် မြန်မာတို့မှ တစ်သင်းစီ စုစုပေါင်း ၁၆ သင်း ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ကမ္ဘောဇအသင်းသည် ပထမအဆင့်အဖြစ် မေ ၁၉ ရက်တွင် ရလန်းဝယ်လင်တန် (စင်ကာပူ)နှင့် ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရှုမြင်ခံစား ရုပ်မြင်သံကြားအစီအစဉ်များ

MRTV-4

၁၈-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၅း၂၀	MRTV -4 သတင်း
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၅)
၇း၃၀	MRTV -4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၉)
၁၁း၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၁)
၂း၀၀	MRTV -4 သတင်း
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၅)
၄း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၃၉)
၅း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၁)
၆း၀၀	MRTV -4 သတင်း
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၂၆)
၈း၀၀	MRTV -4 သတင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၀)
၁၁း၀၀	MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၂)

မြန်မာ့ရုပ်မြင်သံကြား

၁၈-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး ပရိတ်တရားတော်
၇း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	ဓမ္မနုဂ္ဂဟဓမ္မကဌာ (ရွှေယမင်းဦး၊ တေးရေး-မျိုးနွယ်ဆွေ၊ စကားပြော-သိန်းလှမော်)

ညပိုင်း

၄း၃၀	လောကရဲ့အလှရတနာ
၄း၄၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၂၅	မြန်မာစာ၊ မြန်မာစကား
၅း၄၀	စုစည်းခံစား ကမ္ဘာ့အားကစား
၅း၅၀	ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	ရသစုံလင် အင်တာနက်ဥယျာဉ်
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ - လျှပ်တစ်ပြက်ဟာသများ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကောင်းမြတ်သူ - စုစည်းသည်

အဆိုတော် ဟူစတွန်ရဲ့သမီး ခရစ္စတီးနားကို ပွဲထုတ်

နယူးယောက် မေ ၁၇

ကွယ်လွန်သူ ကမ္ဘာကျော်အဆိုတော် ဝစ်တနေးဟူစတွန်ရဲ့ သမီးဖြစ်သူ ဘော်ဘီခရစ္စတီးနား (ဝဲပုံ)အား မေ ၁၆ ရက်က နယူးယောက်မြို့ စင်တင်တေးဂီတဖျော်ဖြေပွဲတစ်ခုမှာ ပွဲထုတ်ခဲ့ပါတယ်။

ဖျော်ဖြေ

အဆိုတော် ဟူစတွန်ဟာ ဘော်ဘီခရစ္စတီးနားလို့ အမည်ရတဲ့ သမီးတစ်ယောက်သာရှိခဲ့ပါတယ်။ ယခု သူမရဲ့အသက်က ၁၉ နှစ်ရှိနေပါပြီ။ သူမရဲ့ဖျော်ဖြေတင်ဆက်မှုတွေကို ပရိသတ်များ အထူးအားပေးခဲ့ကြပါတယ်။ မကြာမီမှာ သူမရဲ့ အယ်လ်ဘမ် ထွက်မယ်လို့လည်း သိရပါတယ်။

ကမ္ဘာကျော်အဆိုတော် ဟူစတွန်ဟာ ပြီးခဲ့တဲ့ဖေဖော်ဝါရီလတုန်းက ကယ်လီဖိုးနီးယားမှာရှိတဲ့ ဟိုတယ်တစ်ခုမှာ ရေနစ်သေဆုံးခဲ့တယ်လို့ဆိုပါတယ်။ ယခု သူမရဲ့ မျိုးဆက်ဖြစ်တဲ့ ခရစ္စတီးနားက ပရိသတ်နဲ့ စတင်မိတ်ဆက်ပြီလို့ဆိုပါတယ်။

(အင်တာနက်)

အဆိုတော် ရှာကီရာရဲ့ပရိသတ် သန်း ၅၀ ကျော်

ဝါရှင်တန် မေ ၁၇

ကိုလံဘီယာအဆိုတော် ရှာကီရာ (ဝဲပုံ)ရဲ့ လူမှုရေးကွန်ရက်တစ်ခုဖြစ်တဲ့ ဖေ့စ်ဘုတ် ပရိသတ်အရေအတွက်ဟာ မေ ၁၇ ရက်က သန်း ၅၀ အထိ ရှိခဲ့ပါတယ်။ ဒီအရေအတွက်ဟာ ဖေ့စ်ဘုတ်စာမျက်နှာမှာ နံပါတ်တစ် အရေအတွက် အများဆုံးဖြစ်ခဲ့တယ်လို့ ဖေ့စ်ဘုတ်က ကြေညာထားပါတယ်။

ရေးသားဖော်ပြ

အဆိုတော်ရှာကီရာရဲ့ ကိုယ်ရေးအချက်အလက်ကို ဖေ့စ်ဘုတ် စာမျက်နှာမှာ တွေ့ခဲ့ရတာဖြစ်ပါတယ်။ အဲဒီစာမျက်နှာမှာ ရှာကီရာရဲ့ ပိုစတာကြီးတစ်ပုံကိုလည်း တွေ့ရပါတယ်။ ပိုစတာပေါ်မှာ 50 million လို့ ရေးသားဖော်ပြထားပါတယ်။ ရှာကီရာရဲ့ ပရိသတ် သန်း ၅၀ ကျော်တယ်ဆိုတဲ့သဘောမျိုးနဲ့ သူမရဲ့ပိုစတာကို ကိုယ်ပိုင်ဝက်ဘ်ဆိုက်ကနေ လွှင့်တင်ထားတာဖြစ်ပါတယ်။

ရှာကီရာဟာ လက်တင်အမေရိကအဆိုတော်တွေထဲမှာ နာမည်အကြီးဆုံးဖြစ်ပါတယ်။ သူမကို ပြီးခဲ့တဲ့လကဘေလ်ဘုတ်က လက်တင်အမေရိကရဲ့ အကျော်ကြားဆုံး ဂီတပညာရှင်ဆု ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။ (အင်တာနက်)

အဆိုတော် ပဲရစ်ဟီလ်တန် အယ်လ်ဘမ်သစ်ထွက်မည်

လော့စ်အိန်ဂျလိစ် မေ ၁၇

ကမ္ဘာကျော်အဆိုတော် ပဲရစ်ဟီလ်တန်ဟာ လာမယ့်ဇွန်လမှာ တစ်ကိုယ်တော် တေးအယ်လ်ဘမ်ထွက်ဖို့ ကြိုးစားနေပါတယ်။

အဆိုတော် ပဲရစ်ဟီလ်တန် (ယာပုံ)က အသစ်စက်စက် ထွက်ရှိလာမယ့် ဒီတေးအယ်လ်ဘမ်ကို After Midnight လို့ အမည်ပေးထားပါတယ်။

"ဒီတေးအယ်လ်ဘမ်ဟာ ပရိသတ်တွေ အကြိုက်တွေ့စေမယ့် စတူဒီယို အယ်လ်ဘမ်ဖြစ်ပါတယ်။ ဒီအခွေကို အမြန်ဆုံးထွက်စေချင်ပါပြီ။ ဒီနှစ်နွေရာသီတောင် မစောင့်ချင်တော့ပါဘူး" လို့ အဆိုတော် ဟီလ်တန်က ပြောကြားလိုက်ပါတယ်။ ပဲရစ်ဟီလ်တန်ဟာ မြူးဇစ်ဗီဒီယိုလည်း ရိုက်ကူးဖို့ စီစဉ်နေပါတယ်။ သူမဟာ ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့၌ ဇွန် ၂၃ ရက်မှာ ကျင်းပမယ့် ပေါ့ပ်ဂီတပွဲတော်မှာလည်း သီချင်းတွေသီဆိုပေးဖို့ စီစဉ်လျက်ရှိပါတယ်။ ဟီလ်တန်ဟာ ၂၀၀၆ ခုနှစ်က Paris လို့အမည်ရတဲ့ အယ်လ်ဘမ်နဲ့ ဂီတလောကထဲကို စတင်ဝင်ရောက်ခဲ့သူဖြစ်ပါတယ်။

(အင်တာနက်)

အမေနေ့မှာ အမေ့ထံ ဂုဏ်ပြုစာလွှာပါးတဲ့ အဆိုတော် ဘီယွန်ဆေး

လန်ဒန် မေ ၁၇

ကမ္ဘာကျော်အဆိုတော် ဘီယွန်ဆေးက အမေနေ့မှာ မိခင်ဖြစ်သူထံသို့ ခံစားမှုအပြည့်နဲ့ ရေးသားထားတဲ့ စာတစ်စောင်ကို အမေဖြစ်သူအား ဂုဏ်ပြုသောအားဖြင့် သူမရဲ့ ဝက်ဘ်ဆိုက်မှတစ်ဆင့် ပေးပို့ခဲ့ပါတယ်။

အသက် ၃၀ အရွယ်ရှိတဲ့ အဆိုတော် ဘီယွန်ဆေး (ယာပုံ)ဟာ သူမရဲ့ မိခင်ဖြစ်တဲ့ တီနာထံသို့ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဂုဏ်ပြုစာလွှာပါးခဲ့တယ်လို့ ဂီတအသိုင်းအဝိုင်း သတင်းများမှာ ရေးသားဖော်ပြထားပါတယ်။ စာထဲမှာတော့ " ချစ်လှစွာသောမေမေ သမီး ဘီယွန်ဆေး စာရေးလိုက်ပါတယ်။ အမေ့ရဲ့သွန်သင်ဆုံးမမှုတွေနဲ့ ထိန်းကျောင်းမှုအောက်မှာ ကြီးပြင်းခဲ့ရလို့ အမေ့ကို သိပ်ကျေးဇူးတင်မိပါတယ်။ ဒီထက်ပိုပြီး ကျေးဇူးတင်စရာကောင်းတာက အောင်မြင်တဲ့ အဆိုတော်တစ်ယောက်ကို မွေးဖွားပေးခဲ့လို့ပါပဲ။ ဒီအတွက်လည်း အမေ့ကိုကျေးဇူးတင်မိပါတယ်" ဟု ဖော်ပြထားပါတယ်။ "ဒီနေ့ ဒီအချိန်မှာတော့ သမီးလည်း အမေတစ်ယောက်ဖြစ်နေပါပြီ။ အခုမှ အမေ့ရဲ့ကျေးဇူးတရားတွေကို ပိုပြီးတန်ဖိုးထားလာတတ်တယ်၊ အမေနေ့မှာ အမေပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုတောင်းပါတယ်" လို့လည်း ဘီယွန်ဆေးက ရေးသားထားပါတယ်။

(အင်တာနက်)

မြင့်မောင်စိုး - စုစည်းသည်

သည်းထိတ်ရင်ဖိုအကြိတ်အနယ်ဆင်နွှဲကြမယ့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ

မြူးနစ် မေ ၁၇

ဘောလုံးပရိသတ်တွေမျှော်လင့်စောင့်စားနေတဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲကြီးကို မေ ၁၉ ရက်မှာ ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။ နောက်ဆုံးဗိုလ်လုပွဲတက်လာတဲ့ အသင်းတွေကတော့ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်နဲ့ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းတို့ ဖြစ်ပါတယ်။ ဒီဗိုလ်လုပွဲကို ဘိုင်ယန်မြူးနစ်ကွင်းမှာ ကစားကြမှာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ဗိုလ်လုပွဲကို မူလကတည်းက ဘိုင်ယန်မြူးနစ်ကွင်းမှာ ကစားဖို့ဆုံးဖြတ်ခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်တို့ ကံကောင်းထောက်မစွာနဲ့ အိမ်ကွင်း အိမ်ပရိသတ်ရှေ့မှာ ကစားခွင့်ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးဖို့ အလေးသာနေပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းရော ချယ်လ်ဆီးအသင်းပါ ဒီဗိုလ်လုပွဲကိုရောက်ဖို့ ပြိုင်ပွဲ ၁၂ ပွဲစီ အကြိတ်အနယ်ကစားပြီးမှ ရောက်ရှိလာကြတဲ့အသင်းတွေ ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲတစ်လျှောက် နိုင်ပွဲကိုးပွဲ၊ ရှုံးပွဲနှစ်ပွဲနဲ့ သရေတစ်ပွဲကစားပြီး ဗိုလ်လုပွဲကို တက်ရောက်လာတဲ့ အသင်းဖြစ်ပါတယ်။

တိုက်စစ်မှူး ဒရော့ဘာ ဂိုးသွင်းမှာလား ...

ဘိုင်ယန်မြူးနစ်အတွက် ဖလားယူပေးမယ့် ဂိုမက်ဇ်

အလားတူချယ်လ်ဆီးအသင်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲတစ်လျှောက် နိုင်ပွဲခုနစ်ပွဲ၊ သရေသုံးပွဲနဲ့ ရှုံးပွဲနှစ်ပွဲကစားခဲ့ပါတယ်။ အထူးသဖြင့် ချယ်လ်ဆီးအသင်းဟာ အကြိုဗိုလ်လုပွဲမှာ လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းကို အနိုင်ရပြီးတက်လာတဲ့ အသင်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ် ကတော့ နာမည်ကြီးရီးရဲမက်ဒရစ်ကို အနိုင်ကစားပြီး ဗိုလ်လုပွဲရောက်လာခဲ့ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ၁၉၇၃-၁၉၇၄ တွင် တစ်ကြိမ်၊ ၁၉၇၄-၁၉၇၅ တွင် တစ်ကြိမ်၊ ၁၉၇၅-၁၉၇၆ တွင်တစ်ကြိမ်၊ ၂၀၀၀-၂၀၀၁ တွင်တစ်ကြိမ် စုစုပေါင်း လေးကြိမ်တိုင်တိုင် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်မှုမှာလည်း လေးကြိမ်ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းဟာ ၂၀၀၉-၂၀၁၀ ဘောလုံးရာသီက အင်တာမီလန်အသင်းကိုရှုံးပြီး ဖလားလက်လွတ်ခဲ့ရပါတယ်။

ချယ်လ်ဆီးအသင်းကတော့ ချန်ပီယံလိဂ်ဖလားကို တစ်ကြိမ်မျှဆွတ်ခူးခဲ့ဖူးခြင်း မရှိသေးတဲ့အသင်းဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီက ဗိုလ်လုပွဲကို တစ်ကြိမ်သာတက်ရောက်နိုင်ခဲ့ပါတယ်။ အဲဒီတုန်းက ပြိုင်ဘက်မန်ယူကို ပယ်နယ်တီ အဆုံးအဖြတ်နဲ့ရှုံးပြီး ဖလားလက်လွတ်ခဲ့ရတာဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်နဲ့ချယ်လ်ဆီးတို့ရဲ့ လက်ရှိခြေစွမ်းကိုလေ့လာ ကြည့်ရင် ဘိုင်ယန်မြူးနစ်က သာနေတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့အကြိုဗိုလ်လုပွဲနဲ့ ကွာတားဖိုင်နယ်ပွဲတွေကိုကြည့်ခြင်းအားဖြင့် ဘိုင်ယန်မြူးနစ်က ခြေစွမ်းအသာရှိတယ်ဆိုတာ တွေ့နိုင်ပါတယ်။

ယခုယှဉ်ပြိုင်မယ့် ဗိုလ်လုပွဲမှာ ဘိုင်ယန်မြူးနစ်က အဓိကကစားသမားတွေဖြစ်တဲ့ မာရီယိုဂိုမက်ဇ်၊ အာဂျင်ရော်ဘင်၊ ရစ်ဘာရီ၊ ဒေးဗစ်မူလာစတဲ့ ကစားသမားတွေနဲ့ ပွဲထွက်လာမယ်လို့ မျှော်လင့်ရပါတယ်။ ဂိုမက်ဇ်ဟာ ဘိုင်ယန်မြူးနစ်အတွက် ၂၆ ဂိုး သွင်းယူထားတဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။

ဖလားဆွတ်ခူး

လက်ရှိချယ်လ်ဆီးအသင်းမှာတော့ တိုက်စစ်မှူး ဒရော့ဘာ၊ လမ်းပတ်၊ တောရက်စ်၊ အက်ရှ်လေကိုး၊ မာလူဒါ၊ အက်ဆီယံ၊ ဂါရီကာဟေးလ်၊ ဒေးဗစ်လုဇ်တို့ ပါဝင်ကစားဖို့ပြင်ဆင်လျက်ရှိပါတယ်။ ဂ္ဂန်တယ်ရီ၊ အီဗာနိုဗစ်၊ ရာမီယက်စ်နဲ့ မီရာလက်စ်တို့ ပါဝင်နိုင်မှာ မဟုတ်ပါဘူး။ ချယ်လ်ဆီးအသင်းဟာ ဒီနှစ် အက်ဖ်အေဖလားဗိုလ်လုပွဲမှာ လီဗာပူးကိုနိုင်ပြီး ဖလားဆွတ်ခူးခဲ့တဲ့အသင်းဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ ဒီပွဲဟာ နောက်ဆုံးအခွင့်အလမ်းဖြစ်လိမ့်မယ်လို့ ချယ်လ်ဆီးနည်းပြ ဒီမတ်တီယိုက သူ့ကစားသမားတွေကို ပြောကြားနေပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဒီပွဲမှအနိုင်မရခဲ့ရင် နောက်နှစ်ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒရော့ဘာနဲ့ လမ်းပတ်တို့ ဦးဆောင်တဲ့ ချယ်လ်ဆီးကစားသမားတွေဟာ ဖလားလည်းရစေ၊ ချန်ပီယံလိဂ်ဝင်ခွင့်လည်း ရစေဟူသော သားရွှေအိုးထမ်းလာတဲ့ကိန်း ဆိုက်အောင် လူစုံထုတ် ခြေကုန်ထုတ်ပြီး ကစားမယ့်ပွဲဖြစ်ပါတယ်။

ဒါကြောင့် ဘိုင်ယန်မြူးနစ်နဲ့ ချယ်လ်ဆီးတို့ရဲ့ ချန်ပီယံလိဂ်ဖလားလုတိုက်ပွဲကြီးကတော့ ဘောလုံးရသအပြည့်အဝရှိမယ့် တကယ့်သည်းထိတ်ရင်ဖို အကြိတ်အနယ်ဆင်နွှဲကြမယ့် ပြိုင်ပွဲကြီးဖြစ်ပါတယ်။

ကိုးကား-အင်တာနက်

ဂန္တဝင်ဘောလုံးသမားကြီး ဒယ်ပီယာရို ပရီမီယာလိဂ်သို့ ပြောင်းကစားမည်

ရောမ မေ ၁၇

အီတလီဂန္တဝင်ဘောလုံးသမားကြီး ဒယ်ပီယာရိုက သူ့အနေဖြင့် ပရီမီယာလိဂ် ကလပ်များတွင်ကစားရန် ဆန္ဒပြင်းပြနေပါ၍ ခေါ်ယူကြပါရန် အာဆင်နယ်၊ စပါးနှင့် ကျူပီအာ အသင်းများအား မေတ္တာရပ်ခံလိုက်သည်။

ကစားပေး

အသက် ၃၇ နှစ်အရွယ်ရှိပြီဖြစ်သည့် ဒယ်ပီယာရိုသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်စ်၌ ၁၉ နှစ်ကြာ ကစားခဲ့သူဖြစ်သည်။ သူသည် ယခုနှစ် အီတလီစီးရီးအေပြိုင်ပွဲတွင် ဂျူဗင်တပ်စ်အသင်းကို အီတလီစီးရီးအေဖလား ဆွတ်ခူးနိုင်ရန် အဓိကခြေစွမ်းပြ ကစားပေးခဲ့သူဖြစ်သည်။

ပြုလုပ်ထား

ဒယ်ပီယာရိုသည် အင်္ဂလန်ပရီမီယာလိဂ်အသင်းများဖြစ်ကြသည့် အာဆင်နယ်၊ စပါးနှင့် ကျူပီအာတို့မှ တစ်သင်းသင်းကို ရွေးချယ်ရမည်ဖြစ်သည်။ ၎င်းအား မကြာသေးသည့် သီတင်းပတ်များတွင် အဆိုပါကလပ်များက ခေါ်ယူရန် အဆက်အသွယ်ပြုလုပ်ထားကြသည်။ "အင်္ဂလန်ဟာ ဘောလုံးကစားရန် နေရာကောင်းတစ်ခုပါ။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ဘယ်အသင်းနဲ့မှ သဘောတူညီမှုတစ်စုံတစ်ရာ မရရှိသေးပါဘူး" ဟု ဒယ်ပီယာရို (အပေါ်ပုံ)က အီတလီအားကစားဂျာနယ်တစ်စောင်သို့ ပြောကြားသည်။ (အင်တာနက်)

စာကြည့်တိုက်မရှိဘဲနှင့် စာဖတ်သည့် အလေ့အကျင့်ရအောင်လုပ်၍ မအောင်မြင်နိုင်သကဲ့သို့ စာကြည့်တိုက်များရှိပြီး စာဖတ်သည့်အလေ့အထဖြစ်အောင် မလုပ်လျှင်လည်း မအောင်မြင်နိုင်

စာဖတ်ရှုနိုင်မြှင့်တင်ရေးကိစ္စများ တစ်ဖက်မှဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း စာကြည့်တိုက်များထူထောင်

နေပြည်တော် မေ ၁၇

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင် ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့တို့ တွေ့ဆုံပွဲကို မေ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း နာယက ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ အလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)၊ ဒေါက်တာချစ်စံဝင်း၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)နှင့် ဒေါက်တာသန့်သော်ကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ရန်ပုံငွေကိုမလျော့စေဘဲ ရရှိသည့်အကျိုးအမြတ်ဖြင့် ကဏ္ဍအလိုက်ခေါင်းစဉ်ခွဲပြီး ရာခိုင်နှုန်းသတ်မှတ်ကာ စနစ်တကျခွဲဝေသုံးစွဲမှုများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များ ဆောက်လုပ်ရန် ထောက်ပံ့ပေးခဲ့မှုများ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်များကိုလည်း ကူညီထောက်ပံ့ရေးစီစဉ်ထားရှိမှုများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင် အရေအတွက်တိုးမြှင့်ရန် လျာထားမှုများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ၏ တာဝန်ထမ်းဆောင်မှုအခြေအနေများ၊ အလုပ်အမှုဆောင်အဖွဲ့၏ ကွင်းဆင်းလေ့လာရေးခရီးဆောင်ရွက်မှုများ၊ ၂၀၁၂ ခုနှစ်အတွက် လုပ်ငန်း Programme ရေးဆွဲထားရှိမှုများ၊ စာဖတ်ရှုနိုင်မြှင့်တင်ရေး ခရီးအတွေ့အကြုံများကို လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တင်ပြမှတ်တမ်းတင်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာချစ်စံဝင်း(ချစ်စံဝင်း)က စာကြည့်တိုက်နည်းပညာဖြင့် စနစ်တကျတည်ဆောက်ထားသော စာကြည့်တိုက်များ၊ အမှန်တကယ် လိုလားပြင်းပြသည့်စိတ်ဖြင့် တည်ဆောက်ခဲ့သော စာကြည့်တိုက်များ၏ ရေရှည်တည်တံ့မှုများ၊ စာကြည့်တိုက်နည်းပညာ တစ်နိုင်ငံလုံးသို့ပျံ့နှံ့ရေး၊ စာကြည့်တိုက်အဆောက်အအုံထိန်းသိမ်းရေး၊ ပြည်သူလူထု စာဖတ်လိုစိတ်မြှင့်တင်ရေးလုပ်ငန်းများအတွက် ဖောင်ဒေးရှင်းအနေဖြင့် အမှန်တကယ်ထိရောက်သော လုပ်ငန်းစဉ်တစ်ရပ်အနေနှင့် ဆောင်ရွက်သင့်သည်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူထုပညာရေးမှူးများ ခန့်ထားဆောင်ရွက်ရန်ကိစ္စရပ်များ၊ ဖောင်ဒေးရှင်းအနေဖြင့် ငွေအားဖြင့်သာမက ပြည်သူများ အသိပညာရရှိစေရန် ထောက်ပံ့မှုများ ပိုမိုပြုလုပ်သွားရန် ကိစ္စရပ်များကို လည်းကောင်း။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ အလုပ်အမှုဆောင် ဦးမောင်မောင်ဦး(ဟိန်းလတ်)က ဖောင်ဒေးရှင်းအနေဖြင့် ငွေကြေးဖြင့်ထောက်ပံ့သည်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်ပါ အထောက်အကူပြုဆောင်ရွက်ရန် လိုအပ်မှုများ၊ စာပေစိစစ်ဌာနခွဲရှိ စာအုပ်စာရင်းများမှ စာအုပ်ကောင်းများကို စာအုပ်ရွေးချယ်ဝယ်ယူရေးအဖွဲ့ ဖွဲ့စည်း၍ ရွေးချယ်ဝယ်ယူရန် ကိစ္စရပ်များ၊ မဖတ်မဖြစ် ဖတ်ရမည့်စာအုပ်များ Must Read Book စာရင်းကို စာကြည့်တိုက်တိုင်းတွင် လူအများမြင်သာအောင် ထားရှိပေးရန်ကိစ္စရပ်များကိုလည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းက စာကြည့်တိုက်များသည် အရေအတွက်ထက် အရည်အသွေးကောင်းရန် ဦးတည်သင့်ပြီး အခြားနိုင်ငံများ၏ စာကြည့်တိုက်နေရာချထားဆောင်ရွက်ပုံကို အတုယူဆောင်ရွက်သင့်သော ကိစ္စရပ်များ၊ အခြားနိုင်ငံများတွင် Reading Week for Mother, Reading Week for Father အစရှိသော စာဖတ်ပွဲတော်များကျင်းပခြင်း၊ အငှားယာဉ်များတွင် ဖတ်ရှုလေ့လာစရာ စာအုပ်များထားရှိပေးခြင်း စသည်တို့ဖြင့် ပြည်သူလူထု အမှန်တကယ် စာဖတ်လိုစိတ်ဖြစ်ပေါ်လာအောင် စည်းရုံးလှုပ်ရှား ဆောင်ရွက်မှုများ၊ ဖောင်ဒေးရှင်းအနေဖြင့်လည်း Book Review လုပ်၍ ပြိုင်ပွဲငယ်တစ်ခုဆောင်ရွက်ရန် စီစဉ်ထားရှိမှုများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေက ကျေးရွာများတွင်သာမက ရပ်ကွက်၊ မြို့ပေါ်ရှိ စာကြည့်တိုက်များပါ ပါဝင်နိုင်စေရန်အတွက် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဟု ပြောင်းလဲခဲ့မှုများ၊ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ဝယ်ယူထောက်ပံ့ခဲ့ရာတွင် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး စိစစ်သုံးသပ်ပြီးမှ ဝယ်ယူသင့်သည့် စာအုပ်များကို ရွေးချယ်ဝယ်ယူ ထောက်ပံ့ခဲ့မှုများကို လည်းကောင်း အကျယ်တဝင့်ဆွေးနွေးညှိနှိုင်းကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရာတွင် ကိစ္စတစ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်အောင် ဆောင်ရွက်ကြရာ၌ ဝိရောဓိများ၊ အခက်အခဲများကြားမှပင် အကောင်းဆုံးနှင့် အအောင်မြင်ဆုံးဖြစ်အောင် ဆောင်ရွက်ကြရပါကြောင်း၊ ဖောင်ဒေးရှင်းတာဝန်ကို ဆောင်ရွက်နေကြသူများအားလုံးသည် မိမိတို့၏ အချိန်၊ ကာယ၊ ဉာဏ ဝီရိယများကိုပေး၍ စေတနာဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်ရာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါကြောင်း။

ရေရှည်ဆောင်ရွက်

ယနေ့ ဆွေးနွေးကြသည်များအားလုံးကို ဖြစ်လိုသည်များ၊ ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်သည်များ ပြန်စဉ်းစား၍ ဆွေးနွေးသုံးသပ်သွားရန် အကြံပြုလိုပါကြောင်း၊ လတ်တလောလုပ်သင့်သည့်၊ လုပ်နိုင်သည့်ကိစ္စများ၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများ ပေါ်လာမည်ဖြစ်ပါကြောင်း၊ အမှုဆောင်အင်အားတိုးချဲ့မည့်ကိစ္စကိုလည်း စဉ်းစားရွေးချယ်ပေးစေချင်ပါကြောင်း၊ ရွေးချယ်ရာတွင် အမှန်တကယ်ဝါသနာပါပြီး စေတနာထားကာ အချိန်ပေး၍ လုပ်နိုင်မည့်သူကို အတတ်နိုင်ဆုံး ရှာစေလိုကြောင်း၊ ဤနေရာတွင် လူကြီးပိုင်းမှလည်း လိုအပ်မည်ဖြစ်သကဲ့သို့ လူလတ်ပိုင်းမှလည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ အလုပ်အမှုဆောင်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ခွဲဝေပေးမည်ဆိုပါက သင့်တင့်မျှတအောင်၊ ညီမျှအောင် တာဝန်ခွဲဝေစေလိုပါကြောင်း။

ချိန်ဆဆောင်ရွက်

ညှိနှိုင်းမှုများ၊ ဆုံးဖြတ်မှုများ၊ ပေါင်းစပ်မှုများ လုပ်ဆောင်ရသည့် အစည်းအဝေးများတွင် အများစု၏ အဆုံးအဖြတ်ဖြစ်လျှင် ပိုကောင်းပါကြောင်း၊ လက်တွေ့ Practical သွားကြမည့် လူကြီးများအနေဖြင့်လည်း ချိန်ဆဆောင်ရွက်နိုင်ခြင်းအားဖြင့် အစည်းအဝေးရော၊ လက်တွေ့ Practical အပိုင်းမှာပါ အဆင်ပြေသွားနိုင်ပါကြောင်း။

ငွေကြေးသုံးစွဲရေးနှင့်ပတ်သက်၍ မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် နိုင်ငံတစ်ဝန်းမှ ကျေးလက်ပြည်သူများ စာဖတ်သည့်အလေ့အကျင့်ကို Second Nature ဖြစ်လာအောင်၊ Life Long Learning Society ဆိုသည်ကို အမှန်တကယ်ဖြစ်လာအောင် အဓိကဦးတည်ပြီး အသုံးပြုရန်ဖြစ်ပါကြောင်း၊ ယင်းအထဲတွင် စာအုပ်များဝယ်လှူခြင်း၊ စာကြည့်တိုက်ဆောက်ပေးခြင်း၊ စာဖတ်ရှုနိုင်မြှင့်တက်လာအောင် လုပ်ပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ ရေရှည်ဆက်လက်ဆောင်ရွက်ကြရာတွင် တစ်ဖက်မှရလာသည့် အရင်းမပျောက်ဘဲအတိုးနှင့် တစ်ဖက်မှ အလှူငွေတို့အပေါ် မူတည်၍ ဆက်လက်ရပ်တည်ရမည်ဖြစ်ရာ အရင်းငွေတောင့်တင်းခိုင်မာရန်လည်း လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ အရင်းကို တိုးပွားလာအောင် ဦးတည်ရမည်ဖြစ်ပြီး တစ်ဖက်တွင် စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူများ အမှန်တကယ် စာဖတ်ကြစေရန်၊ ကျေးရွာတိုင်း၌ စာကြည့်တိုက်များဖြစ်လာရန်တို့သည်လည်း စာကြည့်တိုက်ဖောင်ဒေးရှင်း၏ ရည်မှန်းချက်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ တကယ်အကျိုးရှိမည့်၊ အကျိုးရှိလာနိုင်မည့် ကိစ္စများတွင်လည်း သုံးရမည်ဖြစ်ကြောင်း၊ အမှန်တကယ်လိုလားမှုရှိ၊ ဦးဆောင်မည့်လူရှိပြီး မိမိတို့မျှော်မှန်းသည့်အခြေအနေမျိုးရောက်လာနိုင်သည့် နေရာမျိုးတွင် အကောင်အထည်ဖော်ကြစေလိုကြောင်း။

စာဖတ်ရှုနိုင်မြှင့်တင်

မိမိတို့၏ မူလရည်မှန်းချက်မှာ ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိရန်ဖြစ်ကြောင်း၊ ဤရည်မှန်းချက်ကို ပျောက်မသွားစေဘဲ ရေရှည်ရည်မှန်းချက်ထားကာ ဆောင်ရွက်ကြစေချင်ကြောင်း၊ မိမိတို့ရှိသည့် ရန်ပုံငွေထဲမှ အမှန်တကယ်ဖြစ်နိုင်သည့် နေရာများကို မြှင့်တင်အကောင်အထည်ဖော်ပေးစေချင်ပါကြောင်း၊ ကျေးရွာတစ်ရွာအနေဖြင့် အမှန်တကယ်စာကြည့်သည့်၊ စာဖတ်သည့်ရွာဖြစ်လာရန်၊ စာဖတ်သည့်အလေ့အကျင့်ရှိလာအောင် ဖော်ဆောင်ပေးရန်လိုသကဲ့သို့ စာကြည့်တိုက်များလည်း ရှိရန်လိုကြောင်း၊ စာကြည့်တိုက်မရှိဘဲနှင့် စာဖတ်သည့် အလေ့အကျင့်ရအောင် လုပ်၍ မအောင်မြင်နိုင်သကဲ့သို့ စာကြည့်တိုက်များရှိပြီး စာဖတ်သည့်အလေ့အထဖြစ်အောင်မလုပ်လျှင်လည်း မအောင်မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ Book Review ကိစ္စများ၊ စာဖတ်ရှုနိုင်မြှင့်တင်ရေးကိစ္စများကို တစ်ဖက်မှဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း ဖြစ်လာနိုင်သည့်နေရာမျိုးတွင် စာကြည့်တိုက်များ ထူထောင်ပေးစေလိုကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်အဆင့်တွင် အနိမ့်ဆုံးအနေဖြင့် ဦးစီးအရာရှိအဆင့်ဖြစ်သင့်ပါကြောင်း၊ သို့ဖြစ်၍ မြို့နယ်အဆင့်များ၌ အရာရှိအဆင့်ထားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းပြင် စာကြည့်တိုက်ဖောင်ဒေးရှင်းက ယခင်ကကဲ့သို့ လူထုပညာရေးမှူး သို့မဟုတ် စည်းရုံးရေးမှူးများ ခန့်ထားဆောင်ရွက်ရန်နှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ရေရှည်အလုပ်ဖြစ်မည့်ကိစ္စဖြစ်ရာ အားလုံးတိုင်ပင်ညှိနှိုင်းဆွေးနွေး၍ ဆောင်ရွက်ကြစေလိုကြောင်း။

ဟောပြောဆွေးနွေး

စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်လာရန် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ပေါင်းစပ်ရမည် ဖြစ်ပါကြောင်း၊ စိတ်ပိုင်းဆိုသည်မှာ Book Review၊ စာဖတ်ရှုနိုင်မြှင့်တင်သည့် လုပ်ငန်း၊ လူထုပညာပေးရေးမှူးများခန့်၍ ဆွေးနွေးဟောပြောမှုနှင့် စာရေးဆရာများက ဟောပြောဆွေးနွေးမှုတို့ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ စိတ်ပိုင်းရော၊ ရုပ်ပိုင်းကို ပါရှိသည့်ငွေနှင့် အကောင်းဆုံးဖြစ်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် ဆွေးနွေးလိုပါကြောင်း၊ အချို့နေရာများတွင် မပြီးပြတ်သေးသော ဆောက်လုပ်ဆဲစာကြည့်တိုက်များရှိရာ ဆက်၍တိုးတက်ပြီးစီးအောင် ဖောင်ဒေးရှင်းရန်ပုံငွေ၊ ဒေသထည့်ဝင်ငွေ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရန်ပုံငွေတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးစေလိုကြောင်း။

ကျေးရွာစာကြည့်တိုက်များအတွက် အဓိကမှာ အမှန်တကယ်သင့်လျော်သည့် စာအုပ်များရရှိရန် ဖြစ်ပါကြောင်း၊ လှူဒါန်းသည့်စာအုပ်များကို လက်ခံ၍ အကျိုးရှိအောင်သုံးရမည်ဖြစ်သကဲ့သို့ ဝယ်မည့်စာအုပ်များကိုလည်း စိစစ်၍ စီစဉ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ စာဖတ်ရှုနိုင်မြှင့်တင်ရေးနှင့်ပတ်သက်၍ Reading Week for Mother, Father စသည်ဖြင့် ဆောင်ရွက်ပြီး စာဖတ်ရှုနိုင်မြှင့်တင်ကြစေလိုကြောင်း၊ အချို့ကိစ္စများမှာ အဖိုးနည်းဝန်ပါဖြင့် စတင်စမ်းသပ်ဆောင်ရွက်ရသည်များရှိတတ်ပါကြောင်း၊ ထိုသို့စမ်းသပ်ဆောင်ရွက်ရာမှ လိုက်ပါလာကြပြီး အောင်မြင်သွားတတ်ပါကြောင်း၊ Reading Week for Mother, Father ဆိုသည်နှင့်ပတ်သက်၍ မြန်မာနိုင်ငံစာဖတ်လဟုထားရှိရန်လည်း စဉ်းစားကြစေလိုပါကြောင်း၊ သို့ဖြစ်၍ Reading Week for Mother, Father ပုံစံ၊ စာဖတ်လပုံစံ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Campaign ပုံစံ စသည်ဖြင့် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ချင်သည်နှင့် လုပ်နိုင်သည်များကိုလည်း ချိန်ဆဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လတ်တလောလုပ်ရမည်များရှိသကဲ့သို့ ရေရှည်လုပ်ရမည်များလည်းရှိမည်ဖြစ်ရာ စဉ်းစားဆောင်ရွက်ပေးကြစေလိုကြောင်း။

ပေါင်းစပ်ဆောင်ရွက်

စာအုပ်များနှင့်ပတ်သက်၍ ပို့လိုက်သောစာအုပ်များ တိုင်းဒေသကြီးသို့ ရောက်ရုံမျှဖြင့်မပြီးဘဲ သက်ဆိုင်ရာစာကြည့်တိုက်များအထိရောက်ရှိရန် တိုင်းဒေသကြီးတွင်ရှိသည့် ဝန်ထမ်းများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရန်လည်း ညွှန်ကြားထားပါကြောင်း၊ ဒေသများမှာ ကျယ်ပြောလွန်းလှသဖြင့် ထိတွေ့နိုင်မှုနှင့် ပေါင်းစပ်နိုင်မှုတွင် အားနည်းသွားတတ်ပါကြောင်း၊ သို့ဖြစ်၍ ယနေ့ ဆွေးနွေးချက်များအပေါ် လုပ်ဆောင်သင့်သည်များကို အကြံပြုခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့အားလုံးစဉ်းစား၍ ဆွေးနွေးသွားသည့်အချက်များမှာလည်း စာကြည့်တိုက်ဖောင်ဒေးရှင်း၊ တစ်နည်းအားဖြင့် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်သူများ အမှန်တကယ် စာဖတ်ရန်အတွက် အမှန်တကယ် အခြေခံလိုအပ်သည့်အချက်များဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယနေ့ဆွေးနွေးကြသည့် အချက်များအား ဆက်၍ အသေးစိတ်ညှိနှိုင်းတိုင်ပင်ကြပြီး အမှန်တကယ်ဖြစ်နိုင်သည်များ၊ လတ်တလောလုပ်နိုင်သည်များ၊ ရေရှည်တွင်လုပ်ရမည်များ ချမှတ်ဆောင်ရွက်ပေးသွားရန် ပြောလိုပါကြောင်း။

ရေရှည်စာကြည့်တိုက်များ၏ ရပ်တည်မှုနှင့်ပတ်သက်၍ စာကြည့်တိုက်များအနေဖြင့် Sustainable ဖြစ်အောင်၊ မိမိရန်ပုံငွေဖြင့် မိမိရပ်တည်နိုင်လာအောင် စနစ် ချမှတ်ကျင့်သုံးစေလိုကြောင်း၊ သို့ဖြစ်၍ စာငှားစနစ်ရှိအောင်လုပ်ရန်၊ အလှူရှင်များထံမှ အလှူခံ၍ ရန်ပုံငွေထူထောင်ရန် မူချမှတ်ပေးခဲ့ပါကြောင်း၊ အစပိုင်းတွင် စာဖတ်ချင်လာအောင် Create လုပ်ရမည်ဖြစ်ကြောင်း၊ နောက်ပိုင်း အမှန်တကယ် စာဖတ်လာပြီဆိုသည့်အခါ စာငှားစနစ်ကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတစ်ဝန်းလုံးမှ စာကြည့်တိုက်များအနေဖြင့် Sustainable ဖြစ်လာမည် ဖြစ်ပါကြောင်း။

ရေးသားမှတ်တမ်းတင်

ဖောင်ဒေးရှင်းသမိုင်းနှင့်ပတ်သက်၍လည်း စတင်ရေးသားမှတ်တမ်းတင်ပြီး စဉ်ဆက်ရေးသားသွားရန် တိုက်တွန်းလိုပါကြောင်း၊ လက်ရှိ Current ဖြစ်နေသည်များကို နောက်မှရေးမည်ဆိုလျှင် ခက်သွားနိုင်ကြောင်း၊ မိမိတို့ စာကြည့်တိုက်ဖောင်ဒေးရှင်းသည်လည်း ရေရှည်တည်တံ့ရန်မျှော်မှန်းထားသည့်အလျောက် ယခုကတည်းက စတင်ဆောင်ရွက်ရန် အကြံပြုလိုပါကြောင်းဖြင့် အကျယ်တဝင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေးမှုကြား

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင် ဦးဆောင်သော အလုပ်အမှုဆောင်အဖွဲ့အား တွေ့ဆုံဆွေးနွေးမှုကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း **လူမှုစီးပွားသတင်း**

မောင်မောင်စိုး(မြစ်ငယ်)

မန္တလေးစိန်တစ်လုံးသရက်သီး မူဆယ်မှတစ်ဆင့် တရုတ်ပြည်တင်ပို့

မြစ်ငယ် မေ ၁၇

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်တွင် မန္တလေးမြို့တွင်း ကွေ့ရှောင်လမ်းဖြစ်သော မြစ်ငယ်-ထုံးဘိုဖြတ်လမ်းနှင့် ရန်ကုန်-မန္တလေး လမ်းဆုံရာထောင့် ကားဂိတ်တွင် မူဆယ်တင်ပို့ရန် သရက်သီးမှည့်(ဝင်းပျဉ်း)များ စတင်ဝင်ရောက်လာပြီဖြစ်သည်။ အဆိုပါ သရက်သီးများကို မူဆယ်မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ကြောင်း သိရှိရသည်။

ယခုအချိန်တွင် နာမည်ကြီး မန္တလေးစိန်တစ်လုံးနှင့် ဟသ်ာသရက်များ မေလဆန်းပိုင်းမှ စတင်ပြီး လှိုင်လှိုင်ဝင်လာပြီဖြစ်သည်။ မြစ်ငယ်-ထုံးဘိုဖြတ်လမ်းဂိတ်သို့ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ မြို့ပြင်ကြီး၊ စာတိုး၊ ကမ်းဘဲ့၊ စာတော်၊ ရေကြည်ပေါက်၊ ဝဲကြီးဆင်နှင့် မိချောင်းတက် စသည့်ကျေးရွာများနှင့် စဉ့်ကိုင်မြို့နယ် မြောက်ပိုင်း ကျေးရွာများမှ သရက်သီးများမှာ ရောင်းအားရှိသော သရက်သီးများဖြစ်ကြောင်း သိရသည်။

သရက်ခြံပိုင်ရှင်နှင့် ကုန်သည်များ၏ ပြောပြချက်အရ အဝါရောင်ဂျပ်စက္ကူအိတ်များဖြင့် အပင်တွင် ရက်အတန်ကြာ စွပ်ထားရကြောင်း၊ ထိုကဲ့သို့ စွပ်ထားပါက ရာသီဥတုဒဏ်နှင့် ပိုးမွှားများ၏ အန္တရာယ်များမှ ကင်းဝေးပြီး သရက်သီး၏ အရောင်မှာ အဝါရောင်ရှိကာ အသီးလှကြောင်း၊ အဝါရောင်ဂျပ်စက္ကူအိတ် တစ်ခုလျှင် ၁၃ ကျပ် မှ ၁၅ ကျပ်ထိရှိကြောင်း၊ ယင်းအိတ်များကို မစွပ်ထားပါက ရောင်းတန်းမဝင်အသီးများဖြစ်နိုင်ကြောင်း သိရသည်။ နာမည်ရစိန်တစ်လုံး တစ်သေတ္တာလျှင် သရက်သီးအလုံးရေ ၄၅ လုံးထိပါရှိပြီး အဆိုပါ တစ်သေတ္တာကို တရုတ်ယွမ် ၁၃၀ အထိ ရရှိသည်။

ဟသ်ာသရက်မှာလည်း တစ်သေတ္တာလျှင် အလုံးရေ ၃၅ လုံးခန့် ပါရှိပြီး တရုတ်ယွမ် ၁၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

အိတ်စွပ်သရက်သီးနှင့် အိတ်မစွပ်သရက်သီးများ ဈေးတစ်ဝက်ခန့်ကွာကြောင်း သိရှိရသည်။



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၂၀၁၂ ခုနှစ် မေလ ၂၂ ရက်

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ

ပျူခေတ်လက်ရာ နယားခေါင်းပုံရွှေလက်ကြပ်အပ်နှံမှုအတွက် ဆုကြေးငွေ ပေးအပ်ချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် လက်ခုပ်ပင်ကျေးရွာ အနောက်မြောက်ဘက် ၂ မိုင်ခန့်အကွာ အိုင်းမဆည် ရေသောက်မြောင်းမကြီး၏ မြောက်ဘက် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း မြေခဲများအတွင်းမှတွေ့ရှိသော အလေးချိန် ၁၆ ကျပ်၊ ၆ ပဲ၊ ၄ ရွေး၊ ၁ ခြမ်း ရွှေရည် ၁၆ ပဲရှိ ပျူခေတ်လက်ရာ နယားခေါင်းပုံ ရွှေလက်ကြပ်အား လက်ခုပ်ပင်ကျေးရွာနေ မကေသဇင်ကျော် (ဘ) ဦးသိန်းလွင်ကတွေ့ရှိပြီး ၂၀၁၂ ခုနှစ် မတ် ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနသို့ အပ်နှံခဲ့သည်။

အပ်နှံပစ္စည်းကို ဦးစီးဌာနရှိ ရှေးဟောင်းပစ္စည်းအကဲဖြတ်အဖွဲ့က စစ်ဆေးပြီး ခေတ်ကာလကြေး၊ လက်ရာကြေးများတွက်ချက်၍ ရှေးဟောင်းပစ္စည်းတွေ့ရှိအပ်နှံသူအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုကြေးငွေပေးအပ်ချီးမြှင့်ပွဲကို ယနေ့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပျူခေတ်လက်ရာ နယားခေါင်းပုံရွှေလက်ကြပ် လာရောက်အပ်နှံသည့် မကေသဇင်ကျော်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်အတူ ချီးမြှင့်ငွေ ၂၇၇၁၈၃၉၂ ကျပ်ကို ပေးအပ်ချီးမြှင့်သည်။

ယခုအပ်နှံသော နယားခေါင်းပုံ ရွှေလက်ကြပ်သည် ပျူခေတ်ယဉ်ကျေးမှု၏ အဖိုးတန်လက်ဝတ်ရတနာ အဆင်တန်ဆာဖြစ်သဖြင့် တန်ဖိုးကြီးမားသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းဖြစ်သည်။ အလားတူပုံစံကို မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပင်လယ်မြို့ဟောင်းအနီးမှ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် နှောကန်ရွာမှလည်းကောင်းတွေ့ရှိခဲ့ဖူးသည်။ ပျူလူမျိုးတို့၏ ပန်းထိမ်လက်ရာအဆင့်အတန်းမှာ ရွှေနန်းဆွဲခြင်းပညာကို ကောင်းစွာကျွမ်းကျင်၍ ရွှေကိုဆင်ရုပ်၊ ငှက်ရုပ်၊ နယားရုပ်စသည်ဖြင့် အသေးငယ်ဆုံး ရုပ်လုံးကလေးများကိုလည်း သရုပ်ဖော်နိုင်သည်ကို တွေ့ရှိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့မှတွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ် ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါပစ္စည်း၏ ကာလတန်ဖိုးများကိုပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုး မြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ပျူခေတ်လက်ရာ နယားခေါင်းပုံရွှေလက်ကြပ် လာရောက်အပ်နှံသည့် မကေသဇင်ကျော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်

နေပြည်တော် မေ ၁၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဆေးပညာသတင်းဆန်းများ (၂၄) ဒေါက်တာကံညွန့်

သားအိမ်နှစ်ခုပါသူ ကလေးနှစ်ဦးတစ်ပြိုင်တည်းမွေး

ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြရာတွင် သူများထက်ထူးတဲ့ အမေရိကန်နိုင်ငံ Florida သူ Andrcea Baubosa ဆိုတဲ့ မိန်းကလေးတစ်ယောက်အကြောင်း တင်ပြလိုပါတယ်။ သူက လွန်ခဲ့တဲ့ငါးနှစ်ခန့်ကပဲ အလွန်ရှားပါးတဲ့ လူတစ်ဦးမှာ သားအိမ်နှစ်ခုပါတဲ့ ဆေးပညာအခေါ် Uterus Didelphys ဆိုတဲ့ ပုံမှန်မဟုတ်တဲ့ အခြေအနေရှိနေတာကို သိခဲ့ရတယ်လို့ ဆိုပါတယ်။ ယခုသူက Nathan နှင့် Natalie ခေါ်တဲ့ အမြွှာမောင်နှမနှစ်ဦးကို စက်တင်ဘာ ၁၅ ရက်မှာ Clear Water မြို့က Mooton Plant ဆေးရုံမှာ အောင်မြင်စွာ ဗိုက်ခွဲမွေးဖွားနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ဒီလိုမွေးဖွားနိုင်ဖို့ သားဥနှစ်ခုဟာ တစ်ပြိုင်နက် သားအိမ်နှစ်ခုကို ဝင်လာပြီး သန္ဓေတည်ခဲ့တာလို့ သိရပါတယ်။ ဒီအခြေအနေမျိုးဟာ လူငါးသန်းမှာ တစ်ဦးသာဖြစ်ပေါ်နိုင်ကြောင်း သူ့ကို မွေးဖွားပေးခဲ့သူ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး Dr. Patricia St.John က ပြောပြကြောင်း တင်ပြလိုက်ရပါတယ်။

အရေပြားကိုကြည့်ပြီး အရိုးအကြောင်းသိနိုင်

အသက်ကြီးလာရင် မျက်နှာအရေပြားမှာ အရေးအကြောင်းတွေ ပေါ်လာတတ်ပါတယ်။ အရေးအကြောင်းများများပေါ်ခြင်းဟာ အရိုးပါးမှုနဲ့ ဆက်စပ်နေကြောင်း အင်္ဂလန်နိုင်ငံ ယေးလ်ဆေးပညာကောလိပ်က သုတေသနပညာရှင် ဒေါက်တာ Ulbna Pal က ဆိုပါတယ်။ ၎င်းအဆိုအရ အရေပြားနှင့် အရိုးအတွက်မျှတူလိုအပ်တဲ့ Type I Collagen Protein ဟာ အသက်ကြီးတာနဲ့အမျှ လျော့နည်းလာတာကြောင့်လို့ ဆိုပါတယ်။ ၎င်းတင်ပြချက်မှာ မျက်နှာအရေပြား အထူးသဖြင့် မျက်ခုံးနှစ်ခုကြား နှာခေါင်းရိုးအပေါ်က အရေပြားတွန့်နေခြင်းဟာ အရိုးကြွပ်ဆတ်လာမှုရဲ့ ခိုင်မာတဲ့သင်္ကေတလို့ပဲလို့ ထောက်ပြထားကြောင်းပါ ခင်ဗျာ။

အားကစားနဲ့ ကျန်းမာရေး

နောက်လေ့လာချက်တစ်ခုကတော့ မမျှော်လင့်ဘဲ တွေ့ခဲ့ရတဲ့ လေ့လာမှုလို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို Andy Wardworth ဆိုသူ ရေးသားတဲ့ New Complete Practical Encycopedia of Running, Cycling and Fitness Training ဆိုတဲ့ စာအုပ်မှာ ဖော်ပြထားတာပါ။ ၎င်းဖော်ပြချက်အရ တင်းနစ်ကစားခြင်းဟာ လက်မောင်း ကြွက်သားအားပြုရတဲ့ အားကစားတစ်ခုဖြစ်ပေမယ့် ဗိုက်နှင့် တင်ပါး၊ ခြေထောက်၊ ကြွက်သားတွေကိုပါ အားပြုရတဲ့အတွက် ကျောရိုးသန်မာမှုနဲ့ နောက်ကျောနာကျင်ကိုက်ခဲစေခြင်းကို အထူးကာကွယ်ပေးနိုင်ကြောင်း တင်ပြထားပါတယ်။

၎င်းပြင် ရေကူးအားကစားဟာလည်း ကိုယ်ခန္ဓာအပေါ်ပိုင်းကို အထူးသန်မာစေပြီး ရေရဲ့ဆွဲငင်အားကို ဆန့်ကျင်ပြီး လှုပ်ရှားကူးခတ်ရတာကြောင့် ရင်ဘတ်ကြွက်သားကို ကြီးထွားစေပြီး အဆုတ်၊ နှလုံးတို့ကို ကောင်းမွန်စွာ အကာအကွယ်ပြုနိုင်ကြောင်း တင်ပြထားပါတယ်။

နောက်အားကစားတစ်မျိုးဖြစ်တဲ့ ဂေါက်သီးရိုက်အားကစားနည်းမှာလည်း လူတစ်ယောက်ဟာ ဂေါက်သီးကို မှန်အောင်ရိုက်ဖို့ မျက်လုံး၊ လက်နဲ့ ကိုယ်ခန္ဓာကြွက်သားတို့က Coordination ဖြစ်အောင် ကစားရတဲ့အတွက် ဖြုန်းခနဲ ဖြစ်ပေါ်လာတဲ့ ကိုယ်ခန္ဓာလှုပ်ရှားမှုမျိုးမှာ လဲကျခြင်းမျိုး မဖြစ်နိုင်အောင် လေ့ကျင့်ပြီးသားဖြစ်တယ်လို့ ဖော်ပြထားပါတယ်။

MP3 ကြောင့် စောစောနားလေး

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆယ်ကျော်သက်တွေ တော်တော်များများ အသုံးပြုနေကြတဲ့ MP3 Players တွေရဲ့ ဒုက္ခပေးပုံကို လေ့လာထားတဲ့ သတင်းတစ်ပုဒ်ပါ။ ဒီလေ့လာချက်ကိုတော့ အစ္စရေးနိုင်ငံ Tel Aviv University က ဆေးပညာရှင်တစ်စုက ပြုလုပ်ခဲ့တာပါ။ သူတို့လေ့လာချက်အရ MP3 Player, ipod စတဲ့ ကိရိယာတွေနဲ့ ငယ်စဉ်ကပဲ နေ့စဉ်အသံကျယ်လောင်စွာ နားထောင်သူတွေဟာ အသက်ကြီးလာတဲ့အခါမှာ ဖြစ်တတ်တဲ့ နားလေးရောဂါကို တခြားသာမန်လူတွေထက် (၁၀)နှစ်မှ နှစ်(၂၀)ခန့်စောပြီး ခံစားရမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ သာမန်အားဖြင့်ဆိုလျှင် နားလေးရောဂါကို အသက် (၆၀)လောက်မှသာ စတွေ့ရပေမယ့် ယခုအခါ အသက် (၃၀/၄၀)လောက်မှာ စတွေ့နေရပြီလို့ ဆိုပါတယ်။ နားလေးရောဂါဟာ ဆူညံတဲ့အသံကို ပုံမှန်နားထောင်တတ်သူတွေ သာမန်အားဖြင့် ဘာမှမဖြစ်နိုင်ဘူးလို့ ထင်ရပေမယ့် ဒါဟာ အကြားအာရုံကို ဖြည်းဖြည်းနှင့်မှန်မှန် ဆိုးရွားစေတယ်လို့ သိရကြောင်းပါခင်ဗျာ။

ပန်ကရိယကင်ဆာကိုဖြစ်စေတဲ့ အကြောင်းရင်း

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ လူလတ်ပိုင်းအရွယ်တွေကို ဒုက္ခပေးတတ်တဲ့ Pancreas ကင်ဆာကို ဖြစ်စေတဲ့ Gene ကို တွေ့ရပြီဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကို Cancer Discovery ခေါ်တဲ့ American Association for Cancer Research အသင်းကြီးက ထုတ်ဝေတဲ့ ဂျာနယ်မှာ ဖော်ပြထားတာပါ။

ယင်းကင်ဆာဟာ အများအားဖြင့် မျိုးရိုးဗီဇကြောင့်ဖြစ်တတ်ပြီး ဖြစ်ရတဲ့အကြောင်းကတော့ ATM လို့ အမည်ပေးထားတဲ့ Gene ရဲ့ ပြောင်းလဲမှုကြောင့်ဖြစ်ရတယ်လို့ သိရပါတယ်။ ဒီကင်ဆာမျိုးဖြစ်လာရင် ငါးနှစ် အသက်ရှည်ဖို့ အခွင့်အရေးဟာ ငါးရာခိုင်နှုန်းအောက်မှာပဲရှိနိုင်တဲ့ ပြင်းထန်တဲ့ ကင်ဆာမျိုးဖြစ်တယ်လို့ သိရပါတယ်။ အခုလိုတွေ့ရှိချက်အရ ဒီကင်ဆာမျိုးမဖြစ်အောင် ကြိုတင်ကာကွယ်နိုင်အောင် ကြိုးစားနိုင်မယ်လို့ သိရကြောင်းပါခင်ဗျာ။

ကလေးလိုချင်သူ မောင်နှံများအတွက် သတင်းကောင်း

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ကလေးမရနိုင်လို့ စိတ်ဓာတ်ကျနေကြတဲ့ ဇနီးမောင်နှံတွေအတွက် သတင်းကောင်းတစ်ပုဒ်ပါ။ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမှာရှိတဲ့ Califonia University က သိပ္ပံပညာရှင်နှစ်ဦးဖြစ်တဲ့ ယူရီကီရီချော့ (Yuriy Kirichok) နှင့် ပိုလီနာလီချကို (Polina Lisko) ဆိုသူတွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ၎င်းတို့ဟာ သုက်ရည်ထဲမှာပါတဲ့ သုက်ကောင် (Sperm Cells)တွေရဲ့ လျှပ်စစ်စီးဆင်းမှု (Electrical Current)ကို လေ့လာပြီး ယခုလိုတွေ့ရှိခဲ့တာလို့ ဆိုပါတယ်။ ယောက်ျားမှာရော မိန်းမမှာပါ ရှိနေတဲ့ Progesterone ဟော်မုန်းဟာ Sperm ရဲ့ Internal Electricity ကို နှိုးဆွတာမှာ အရေးပါပြီး ဒီနှိုးဆွမှုတွန်းအားကြောင့် Sperm တွေဟာ မိန်းမသားဥကို ထိုးဖောက်ဝင်ရောက်နိုင်တာလို့ ဆိုပါတယ်။

ဒီ Progesterone ဟော်မုန်းရဲ့ အချက်ပြနှိုးဆွမှုကို မရနိုင်တဲ့ Sperm တွေဟာ အားနည်းနေလို့ ကလေးမရနိုင်တာလို့ ထောက်ပြထားပါတယ်။ ဒါကို Whole Cell Recroding နည်းပညာနှင့် ကမ္ဘာပေါ်မှာ ပထမဆုံး သုက်ကောင်ရဲ့ လျှပ်စစ်စွမ်းအင်ကို လေ့လာပြီးတင်ပြရတာလို့ ဆိုပါတယ်။ ဒါကြောင့် ဒီလေ့လာမှုကတစ်ဆင့် သန္ဓေသားရအောင် စွမ်းဆောင်နိုင်မှာဖြစ်ပြီး အမျိုးသားများအတွက် ပဋိသန္ဓေမတည်နိုင်အောင် တားဆေးကိုလည်း တီထွင်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း တင်ပြထားပါတယ်။ အခုလို လေ့လာခဲ့တဲ့ ကယ်လီဖိုးနီးယားတက္ကသိုလ်က အဆိုပါ သိပ္ပံပညာရှင်နှစ်ဦးကတော့ ယူကရိန်းနိုင်ငံကနေ အမေရိကန်ကို ရွှေ့ပြောင်းလာကြတဲ့သူတွေလို့ သိရကြောင်းပါခင်ဗျာ။

အသက်ကြီးလာရင် အသီးအနှံနဲ့ငါး များများစားပါ

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ အသက်ကြီးလာရင် စိမ်းလန်းလတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်အသီးအနှံနှင့် ငါးများများစားခြင်းဟာ ဦးနှောက်ရဲ့ စွမ်းအားကို အထူးမြှင့်တင်နိုင်ပြီး ဦးနှောက်ကျုံ့သွားခြင်းကို ကာကွယ်နိုင်ကာ Alzheimer ခေါ် အမေ့လွန်ရောဂါကိုလည်း ကာကွယ်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။

ဒီလေ့လာချက်ကို အမေရိကန်နိုင်ငံ Portland မှာရှိတဲ့ သိပ္ပံပညာရှင်နှင့် Oregon University က သိပ္ပံပညာရှင်တွေက ပူးတွဲလေ့လာခဲ့ကြတာဖြစ်ပြီး ဒီအကြောင်းကို Journal of Neurology မှာ ဖော်ပြထားတာဖြစ်ပါတယ်။

၎င်းတို့ ဖော်ပြချက်အရ အသက်ကြီးသူတွေမှာ B,C,D,E နှင့် Omega-3 Fatty Acid သွေးထဲမှာ များများရှိနေခြင်းဟာ ဦးနှောက်အတွက် အထူးကောင်းမွန်ကြောင်းနှင့် သူတို့အခေါ် Junk food လို့ခေါ်တဲ့ အကြော်အလှော် အဆီဓာတ်များများပါတဲ့ margarine လို အစားအစာမျိုးဟာ အသက်အရွယ်ကြီးသူတွေအတွက် ဆိုးကျိုးကိုသာ ပေးနိုင်ကြောင်း ဖော်ပြထားပါတယ်။

ကြာကြာထိုင်လေ အောက်ပိုင်းပိုဝလေ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လူတစ်ယောက်ဟာ ကြာကြာထိုင်လေ အောက်ပိုင်းပိုဝလာလေလေဆိုတဲ့ လေ့လာချက်ပါ။ ဒီလေ့လာချက်ကို လန်ဒန်သုတေသနပညာရှင်တွေက ပြုလုပ်ခဲ့တာဖြစ်ပြီး The Telegraph သတင်းစာမှာ ဖော်ပြထားတာဖြစ်ပါတယ်။ ယင်းတို့ရဲ့ လေ့လာချက်အရ Preadepocyte Cell ခေါ်တဲ့ Fat Cell မဖြစ်ခင်အကြို Cell တွေဟာ ကြာကြာထိုင်နေတဲ့လူတွေမှာ ဖြစ်လာတဲ့ Mechanical Stretcling Loads ကြောင့် ယင်းအကြို Cell ကနေ Fat Cell ဖြစ်နှုန်းပိုမြန်ရတာလို့ ဆိုပါတယ်။ ကြာကြာထိုင်အလုပ်လုပ်နေပြီး Exercise မလုပ်တဲ့ လူတွေမှာ ဘာကြောင့်ဝလာရတယ်ဆိုတာ ဒီအချက်ကြောင့် ဝလာရတယ်လို့ ဆိုပါတယ်။ ယင်းကဲ့သို့လူတွေမှာ ခန္ဓာကိုယ် အောက်ပိုင်းပိုဝလာဖို့ ၅၀ ရာခိုင်နှုန်းပိုရှိတယ်လို့ သိရကြောင်း ပါခင်ဗျာ။

သွေးဖောက်ဖို့ မလိုတော့တဲ့ ဆီးချိုစစ်ဆေးနည်း

အခုနောက်ဆုံးဖော်ပြလိုတဲ့ ဆေးပညာသတင်းကတော့ ကမ္ဘာတစ်ဝန်းလုံးက သန်းပေါင်းများစွာသော ဆီးချိုဝေဒနာရှင်တွေအတွက်ပါ။ ဆီးချိုဝေဒနာရှင်တွေအတွက် မစမ်းရင်မဖြစ်တဲ့ သွေးထဲက သကြားဓာတ်စစ်ဆေးရာမှာ ယခုအချိန်ထိ လက်ထိပ်မှာ သွေးဖောက်ပြီး စစ်ဆေးနေခဲ့ရာ ယခုအခါ ယင်းသို့ သွေးဖောက်စရာမလိုတော့ဘဲ ပါးစပ်ထဲက တံတွေးကို စမ်းသပ်ခြင်းဖြင့် သကြားဓာတ်သွေးထဲမှာ ဘယ်လောက်ရှိ၊ မရှိ စစ်ဆေးနိုင်တော့မယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ Brown University မှ သုတေသီတို့က တီထွင်ခဲ့တာ ဖြစ်ပါတယ်။ သူတို့ဟာ Nanotechnology နှင့် Surface Plasmonic အပေါ် အခြေခံပြီး လက်သည်းခွံ အရွယ်ရှိတဲ့ Interferometer ကို Biochip အဖြစ် တီထွင်ခဲ့တာလို့ သိရပါတယ်။ ဒီပစ္စည်း စပေါ်လာပြီး ဈေးကွက်ထဲ ရောက်လာရင် ဆီးချိုဝေဒနာရှင်တွေအတွက် သွေးဖောက်နေရတဲ့ ဒုက္ခက ကင်းဝေးရတော့မယ်ဆိုတာ တင်ပြရင်း ဒီအပတ် ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြာအင်းအုပ်စု သရက်ချောင်းကျေးရွာအနီး ကလီထော်ဆည်ဦးရှိ ရသေ့တောင်ပေါ်တွင် ဗုဒ္ဓဂယာမှ ပင့်ဆောင်စိုက်ပျိုးထားသော မဟာဗောဓိပင်အား (၁၇)ကြိမ်မြောက်ညောင်ရေသွန်းလောင်းပွဲကို မေ ၅ ရက်က ကျင်းပရာ မဟာဗောဓိပင်အလှူရှင် မူလဘုရားဒါယကာ ဦးဘိုကြည်နှင့် ဒေသခံပြည်သူများ ညောင်ရေသွန်းလောင်းစဉ်။

(မြန်မာ့အလင်း)

စာကြည့်တိုက်အဆောက်အအုံသစ် တွံတေးမြို့နယ်၌ဖွင့်

ရန်ကုန် မေ ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် မဝန်းကျေးရွာအုပ်စု မဝန်းကျေးရွာ အလင်းစေတမန်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာခြည်ဝင်းမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်ရှိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးတို့က စာကြည့်တိုက်များ စံ (၅) ရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များ ရှင်းလင်းပြောကြားကြသည်။ ထို့နောက် စာအုပ်စာစောင် လှူဒါန်းပွဲကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ လှူဒါန်းသော စာအုပ်စာစောင် ၁၅၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာခြည်ဝင်းမြင့်က စာကြည့်တိုက်အတွက် အသုံးပြုရန် ရေဒီယိုတစ်လုံးနှင့် တိုင်ကပ်နာရီအတွက် ငွေကျပ် ၁၀၀၀၀၊ အလှူရှင်များက စာအုပ်စာစောင် ၂၀၀ တို့ကိုပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံယူသည်။

အဆိုပါစာကြည့်တိုက်မှာ အလျား ၁၅ ပေ၊ အနံ ပေ ၂၀ ၊ အမြင့် ရှစ် ပေရှိ ခနိမိုး၊ ဝါးထရံကာ အမျိုးအစားဖြစ်ပြီး စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေကျပ် ၁၈၀၀၀၀ ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းမနေနိုင်သည့်ကလေးများအား ထောက်ပံ့နိုင်မည့် အစီအစဉ်များ စတင်ဆောင်ရွက်နေ

ခင်ရတနာ - ရေးသားသည်

ရန်ကုန် မေ ၁၇

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားခွင့်ရရှိစေရန် ရည်ရွယ်ကာ မြို့နယ်ပညာရေးမှူးရုံးများမှတစ်ဆင့် ပညာသင်ကြားရန်ခက်ခဲသည့် ကျောင်းသားများအား စာရင်းကောက်ယူကာ လိုအပ်သည့်ထောက်ပံ့မှုများ ပြုလုပ်ပေးသွားရန်ရှိကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများထံမှ သိရှိရသည်။

"ကျောင်းနေအရွယ်တွေ အားလုံး ကျောင်းနေခွင့်ရရှိစေဖို့ အတတ်နိုင်ဆုံး အကူအညီတွေပေးသွားဖို့ ရှိပါတယ်။ အခုလောလောဆယ်မှာတော့ မြို့နယ်ပညာရေးမှူးရုံးတွေကို ညွှန်ကြားထားပြီး စာရင်းကောက်ခိုင်းထားပါတယ်။ ကျောင်းအပ်ဖို့ ခက်ခဲနေတဲ့သူတွေ၊ ကျောင်းအသုံးအဆောင်ဝယ်ယူဖို့ ခက်ခဲနေတဲ့သူတွေ အားလုံးကို သိရှိရပြီဆိုရင် လိုအပ်တဲ့ အကူအညီတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေဦးဆောင်ပြီး အခြားပြင်ပအလှူရှင်တွေရဲ့ အကူအညီနဲ့ ထောက်ပံ့ပေးသွားဖို့ရှိတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

"အလှူရှင်တွေကလည်း လာပြီးဆက်သွယ်ထားတာတွေ့ရှိပါတယ်။ အများစုက ကျောင်းအပ်ဖို့အတွက် အဆင်ပြေကြပေမယ့် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီရဲ့ လိုအပ်တဲ့ဝတ်စုံ၊ စာရေးကိရိယာများနဲ့ ကျောင်းနေ့စဉ် တက်ရောက်စဉ် စရိတ်စကတွေကို လိုအပ်သလို ဖြည့်တင်းပေးနိုင်ဖို့အတွက် အစီအစဉ်တွေ ချမှတ်ပြီး ဆောင်ရွက်နေတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။ "ကျောင်းထားဖို့ အခက်အခဲရှိတဲ့ အုပ်ထိန်းသူတွေအနေနဲ့ မိမိတို့ကလေးတွေရဲ့ လိုအပ်တဲ့ အခြေအနေတွေကို မြို့နယ်ပညာရေးမှူးရုံးမှာ သွားရောက်ပြီး တင်ပြသင့်ပါတယ်။ ဒါမှလည်း ပညာရေးဝန်ထမ်းတွေက အလှူရှင်တွေနဲ့ ချိတ်ဆက်ပြီး အကူအညီတွေ ပေးနိုင်မှာဖြစ်တယ်"ဟု ဗဟန်းမြို့နယ်မှ ဆရာမတစ်ဦးက ပြောပြသည်။

ဖျာပုံမြို့ အလင်းရောင်ပညာရေး အကျိုးဆောင်ကော်မတီမှ ပညာသင်ကြားရေးထောက်ပံ့မည်

ဖျာပုံ မေ ၁၇

ဖျာပုံမြို့ အလင်းရောင်ပညာရေး အကျိုးဆောင်ကော်မတီက သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသားကျောင်းသူ ၂၂၅ ဦးတို့အား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် အတန်းလိုက်ပေးသွင်းရမည့် ကျောင်းအပ်နှံစရိတ်များ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီတွင် ဖျာပုံမြို့ (၂)ရပ်ကွက် ရွှေနတ်ကူ ဘုရားလမ်းရှိ ငြိမ်းချမ်းမင်္ဂလာခန်းမ၌ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ဖျာပုံမြို့ အလင်းရောင်ပညာရေး အကျိုးဆောင် ကော်မတီက သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ထောက်ပံ့သည့် အခမ်းအနားများကို ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ်မှစ၍ နှစ်စဉ်ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဇ၇)

ဧပြီ ၃၀ ရက်က မင်းပြားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးတင်ထွန်းအုန်းက မင်းပြားမြို့နယ် ချောင်းရှည်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောလှအောင်ထံ ပေးအပ်စဉ်။ (လဝက)

ရောင်းသူကအမြတ်ပို စားသုံးသူအတွက်လည်းဈေးချိုတဲ့ ပဲ့ထောင်လှေကလေးနဲ့ သရက်သီးဈေးကွက်

သတင်းမှတ်စုနှင့်ဓာတ်ပုံ - သန်းဌေး(ဒလ)

ရန်ကုန် မေ ၁၇

ဒလမြို့နယ် သမတကမ်းခြေ စက်သမ္ဗန်ဆိပ်တွင် မေလဆန်းစက တွံတေးဘက်မှ ရာသီပေါ်သရက်သီးမှည့် ပဲ့ထောင်လှေအချို့ကို တစ်ခါတစ်ရံသာ တွေ့ခဲ့ရာမှ မေ ၁၀ ရက်နှင့် နောက်ပိုင်းတွင် မန္တလေးရင်ခွဲ၊ မချစ်စု သရက်သီးမှည့်ရောင်းသော ပဲ့ထောင်လှေများကို နေ့စဉ်တွေ့မြင်လာရသည်။ ထိုပဲ့ထောင်လှေကလေးများ၏ သရက်သီး ဈေးကွက်မှာ လာရောင်းနေသူများကလည်း အမြတ်အစွန်း ပိုမိုရရှိကြောင်းနှင့် စားသုံးသူပြည်သူများအတွက်လည်းပို၍ ဈေးနှုန်းချိုသာသက်သာကာ ဝင်းမှည့်လတ်ဆတ်သော သရက်သီးမှည့်များကို စားသုံးခွဲကြရကြောင်း သိရသည်။

"ရွာက သရက်ခြံတွေကို ခြံအချုပ်(အပင်အချုပ်)ဖြင့် ဝယ်ထားပြီး ဒီလို သရက်သီးမှည့်လာချိန်မှာ ကိုယ်ပိုင်ပဲ့ထောင်လှေလေးတွေနဲ့ ဒလဘက်လှည့်ပြီး လာရောင်းကြတာပါ။ ဒီကခရီးသွားတွေကိုလည်း လက်လီရောင်းတယ်၊ ဖောက်သည်တွေကိုလည်း ပေးတယ်။ ရန်ကုန်ဒိုင်ဈေးကွက်ကို သွားသွင်းတာထက် ဒီဒလဘက်ရောင်းတာက စရိတ်လည်း သက်သာတယ်။ ရောင်းဈေးလည်း နည်းနည်းပိုရတော့ ကိုယ့်အတွက် အမြတ်အစွန်းလေး ပိုပြီးရတယ်။ အချိန်တော့ နည်းနည်းပိုကုန်တယ်"ဟု တွံတေးဘက်မှ ပဲ့ထောင်လှေဖြင့် သရက်သီးလာရောင်းနေသူများက ပြောပြသည်။

ထိုပဲ့ထောင်လှေတစ်စင်းလျှင် သရက်သီးအလုံးရေ ၁၀၀၀ ကျော်မှ ၁၅၀၀ ကျော်အထိ ပါရှိသည်။ ကမာကဆစ်တွင်လည်းကောင်း၊ ခနောင်၊ သက်ကယ်ကွင်း ကျေးရွာများတွင်လည်းကောင်း လှည့်လည်ရောင်းချကြသည်။ ***(အောက်ပုံ)***

"ဒီမန္တလေးရင်ခွဲသီးအကြီးက လှေထဲမှာ သုံးလုံးကို ကျပ် ၅၀၀ ဈေးပါ။ ရပ်ကွက် ဈေးထဲမှာဆို နှစ်လုံးကို ကျပ် ၅၀၀ ပေးဝယ်ရတယ်။ ဒီအလတ်သီးက ဈေးထဲမှာ တစ်လုံး ကျပ် ၁၅၀ ဖြစ်ပြီး ဒီလှေမှာက ကျပ် ၁၀၀ ပဲဆိုတော့ ဈေးနှုန်းက ချိုပါတယ်။ တန်လည်း တန်ပါတယ်"ဟု အိမ်အပြန်ဝယ်သွားသော မကုလားမက ပြောပြသည်။

ရန်ကုန်သို့ လက်ဆောင်ဝယ်သွားသော အမျိုးသမီးတစ်ဦးကလည်း "လှေထဲမှာ ရောင်းနေတဲ့ ဝင်းမှည့်ပြီး လတ်ဆတ်တဲ့ သရက်သီးမှည့်တွေကို တွေ့ရတော့ အမျိုးတွေအတွက် မချစ်စုငါးလုံးကို ကျပ် ၁၀၀၀ နဲ့ ဝယ်ခဲ့တာပါ။ ရန်ကုန်မှာဆို ဒါမျိုးသုံးလုံး ကျပ် ၁၀၀၀ ဈေးရှိတယ်"ဟု ပြောပြသည်။

တွံတေးသရက်သီးတွေက ဈေးနှုန်းချိုချိုနဲ့ လှိုင်လှိုင်ထွက်နေပြီ။ ယခုကဲ့သို့ ပူပြင်းတဲ့ နွေနှောင်းကာလမိုးအစမှာ ဝမ်းနုတ်ဖြစ်တဲ့ သရက်သီးမှည့်ကို စားသုံးသူများအနေဖြင့် လွယ်လင့်တကူ စားသုံးခြင်းမပြုဘဲ ဓားဖြင့် အခွံနွှာ၍ လှီးစိတ်ကာ ရေကောင်းကောင်းဖြင့် သန့်ရှင်းစွာဆေးကြောပြီးမှ စားသုံးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ရန်ကင်းမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ရန်ကုန် မေ ၁၇

ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စာရေးဆရာအသင်းဖွဲ့စည်းရေး အခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ယင်းနောက် မြို့နယ် စာရေးဆရာအသင်းကို ရွေးချယ်တင်မြှောက်ကြရာ ဥက္ကဋ္ဌ ဦးလှတိုး (တိုးထက်)၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့် (ထီလာစိုးမြင့်ထယ်)၊ အတွင်းရေးမှူး ဦးခင်မောင်ညွှန့် (သတင်းထောက်-ခင်မောင်ညွှန့်)၊ တွဲဖက်အတွင်းရေးမှူး ဦးထိန်ဝင်း(ပန်းတနော်ထိန်ဝင်း)၊ ဘဏ္ဍာရေးမှူး ဦးတင်မောင်ဝင်း (မောင်မြို့ပြ) နှင့် မြို့နယ်အလုပ်အမှုဆောင်များအဖြစ် ဦးမြင့်သိန်းဖေ (မြင့်သိန်းဖေ-မိတ္ထီလာ)၊ ဦးသန်းမောင် (သတင်းထောက်-သန်းမောင်)၊ ဦးစန်းဝင်းမိုး (ရန်ကင်း-စန်းဝင်းမိုး)နှင့် ဦးရွှေစင်အောင် (ရွှေစင်အောင်-ဟိုတယ်)တို့ကို ရွေးချယ်ကြသည်။

ဆက်လက်၍ ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးလှတိုး (တိုးထက်) နှင့် ဒေါက်တာတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)တို့အား ရွေးချယ်ခဲ့ကြောင်း သိရသည်။ **(ကိုကြီးသာ)**

မြန်မာ့အလင်း မှူ ခင်း သ တင်း

လှိုင်ကော်တွင် မြန်မာဇာတ်လမ်းခိုးကူးခွေများ သိမ်းဆည်းရမိ

လှိုင်ကော် မေ ၁၇

ကယားပြည်နယ် လှိုင်ကော်မြို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပူးပေါင်းအဖွဲ့က မေ ၁၀ ရက်က ဗီဒီယိုစီဒီအငှားဆိုင်များအား ရှောင်တခင်ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဗီဒီယိုစီဒီအငှားဆိုင် ငါးဆိုင်တို့မှ ဆင်ဆာမဲ့ မြန်မာဇာတ်လမ်းခိုးကူးစီဒီအချပ် ၇၅၀ ကျော် သိမ်းဆည်းရမိပြီး အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို အမှုဖွင့်စစ်ဆေးအရေးယူထားကြောင်း သိရသည်။

အဆိုပါနေ့က လှိုင်ကော်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ်အောင်အောင်၊ လှိုင်ကော်ရဲစခန်းမှ ရဲတပ်ကြပ်ဆန်းထွန်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆင်ဆာမဲ့ မြန်မာဇာတ်လမ်းခိုးကူးစီဒီများ ငှားရမ်းနေကြောင်း သတင်းအရ ဗီဒီယိုစီဒီအငှားဆိုင်များအား ရှောင်တခင်ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ညနေ ၃ နာရီ ၂၅ မိနစ်တွင် ဒေါတမရပ်ကွက်ရှိ နီလာဗီဒီယိုစီဒီအငှားဆိုင်မှ ဆင်ဆာမဲ့မြန်မာဇာတ်လမ်း ခိုးကူးစီဒီ ၃၈ ချပ်၊ ညနေ ၄ နာရီ ၅ မိနစ်တွင် ကြည်သာယာရပ်ကွက်ရှိ ပြည့်လျှံဗီဒီယိုစီဒီအငှားဆိုင်မှ ဆင်ဆာမဲ့ မြန်မာဇာတ်လမ်းခိုးကူးစီဒီ ၄၉၅ ချပ်၊ ညနေ ၄ နာရီခွဲတွင် ဒေါ်နိုးကူးရပ်ကွက်ရှိ EXCEL ဗီဒီယိုစီဒီအငှားဆိုင်မှ ဆင်ဆာမဲ့ မြန်မာဇာတ်လမ်းခိုးကူးစီဒီ ၁၁၂ ချပ်၊ ညနေ ၄ နာရီ ၄၅ မိနစ်တွင် လောဓမ္မ ရပ်ကွက်ရှိ နိုင်ဗီဒီယိုစီဒီအငှားဆိုင်မှ ဆင်ဆာမဲ့မြန်မာဇာတ်လမ်းခိုးကူးစီဒီ ၄၂ ချပ်၊ ညနေ ၅ နာရီတွင် ဒေါတမရပ်ကွက်ရှိ မေသော်တာဗီဒီယိုစီဒီအငှားဆိုင်မှ ဆင်ဆာမဲ့ မြန်မာဇာတ်လမ်းခိုးကူးစီဒီ ၆၆ ချပ် စုစုပေါင်း ၇၅၃ ချပ် သိမ်းဆည်းရမိခဲ့သည်။

ထိုဖမ်းဆီးရမိမှုနှင့် စပ်လျဉ်း၍ လှိုင်ကော်ရဲစခန်းက ဥပဒေနှင့်အညီ အရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

ကလေးမြို့တွင် ချဲဒိုင်၊ နှစ်လုံးဒိုင် ဖမ်းဆီးရမိ

ကလေး မေ ၁၇

မေ ၁၂ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က ကလေးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ်ကျော်ဇေယျာလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ကလေးမြို့နယ် ပေါက်တောအနောက်ရွာရှိ ဆန်းဦး၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၀၀၀မှ ၉၉၉ ထိပါ သုံးလုံးဂဏန်းများရေးထားသော လယ်ဂျာစာရွက်လေးရွက်၊ သုံးလုံးဂဏန်းနှင့် ငွေတန်ဖိုးပါ ဖြတ်ပိုင်းစာအုပ်ခြောက်အုပ်၊ ကာဗွန်နှစ်ရွက်၊ ငွေစက္ကူမျိုးစုံ ကျပ် ၇၀၀၀၊ ဘောပင် တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိ၍ ချဲထီဒိုင်အဖြစ်ပြုလုပ်သူ ဆန်းဦးအား ကလေးမြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့်ထားကြောင်း သိရှိရသည်။ **(၁၆၅)**

လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း(Over Loading)၊ ချွတ်ယွင်း ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ အသုံးပြုခြင်း (Use of Defective Tools and Applian)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်း ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများမသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။

(မီးသတ်ဦးစီးဌာန)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ လက်ထောက်အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၇

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Ajay Chhibber ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကအမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မြန်မာနိုင်ငံသို့ လာရောက်ပြီးနောက် မြန်မာနိုင်ငံအတွက် လက်တွေ့ဖွံ့ဖြိုးမှုအစီအစဉ်များကို လွှတ်တော်နှင့် လက်တွဲဆောင်ရွက်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန် ဖြစ်ပေါ်လာစေရေးအတွက် UN နှင့် UNDP တို့မှ ကူညီဆောင်ရွက်ပေးရေး၊ ယခင်က မြန်မာနိုင်ငံကို ကူညီထောက်ပံ့ရန် အကန့်အသတ်များ ရှိခဲ့သော်လည်း ယခုအကန့်အသတ်များ ဖယ်ရှားနေပြီဖြစ်၍ ပိုမိုဆောင်ရွက်ပေးနိုင်ရေး၊ လွှတ်တော်နှင့် လွှတ်တော်ဆိုင်ရာ အကူအညီပေးရေး၊ လွှတ်တော်ကိုယ်စားလှယ်များအား အရည်အသွေးမြှင့်တင်ပေးနိုင်ရေး၊ လွှတ်တော်စာကြည့်တိုက်အတွက် လိုအပ်သည့် စာအုပ်စာစောင်များပံ့ပိုးပေးရေး၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲလာမှုနှင့် စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်ကို ပိုမိုထိန်းသိမ်းသွားနိုင်ရေး၊ GDP တစ်ခုတည်းသာ တိုးတက်ရေးမဟုတ်ဘဲ နိုင်ငံသားများ၏ လူနေမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကိုပါ ဆောင်ရွက်ပေးနိုင်ရေး၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် စီးပွားရေးပုံစံနှင့် အကောင်အထည်ဖော်မှုများကိုလည်း စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၌ သယံဇာတပေါကြွယ်ဝပြီးဖြစ်၍ နည်းပညာများ ပံ့ပိုးပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ထိုင်းနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၇

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဆောင် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များ ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိရေးနှင့် နှစ်နိုင်ငံချစ်ကြည်မှု ပိုမိုတိုးတက်ခိုင်မြဲစေရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၇-၅-၂၀၁၂

သထုံမြို့	၄ ဒသမ ၄၁ လက်မ
မအူပင်မြို့	၂ ဒသမ ၆၀ လက်မ
မုဒုံမြို့	၂ ဒသမ ၅၆ လက်မ
ကျိုက္ကမီမြို့	၂ ဒသမ ၄၈ လက်မ
ပေါင်မြို့	၂ ဒသမ ၄၄ လက်မ

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



အင်ဒိုနီးရှားမီးတောင်အနီးမှ လက်ဝတ်ရတနာများ ရှေးဟောင်းသုတေသနပညာရှင်များ တူးဖော်တွေ့ရှိ စာ-၄

အမေနေ့မှာ အမေ့ထံ ဂုဏ်ပြုစာလွှာပါးတဲ့ အဆိုတော် ဘီယွန်ဆေး စာ-၇

သည်းထိတ်ရင်ဖို အကြိတ်အနယ်ဆင်နွှဲကြမယ့် ချန်ပီယံလိဂ်ဗိုလ်လုပွဲ စာ-၇



မန္တလေးစိန်တစ်လုံးသရက်သီး မူဆယ်မှတစ်ဆင့် တရုတ်ပြည်တင်ပို့ စာ-၉